# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၄)






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့တက်ရောက်ခြင်း၊ EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင် နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘူရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ ဖိတ်ကြားချက်အရ ဘူရားတီးရားပြည်နယ်သို့ သွားရောက်မည်ဖြစ်ပြီး အထင်ကရနေရာများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်များတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် စစ်ဘက်၊ နယ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


လေ့လာဖူးသော ရွေးကောက်ပွဲတစ်ခု — ဆောင်းပါး — စာ ၆

အဆိုးကျော့ သံသရာ — ဆောင်းပါး — စာ ၁၀

နေတိုးအစည်းအဝေးတွင် ကာကွယ်ရေးအသုံးစရိတ်ကို ဂျီဒီပီ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် သဘောတူ — နိုင်ငံတကာသတင်း — စာ ၁၄





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိ အဆောက်အဦများ ဖယ်ရှားရှင်းလင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

◆ *ကျောဖုံးမှ*

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် တိုက်အမှတ် ၃၃၈၄ နှင့် အပြာရောင်အဆင့်သတ်မှတ်ထားသည့် တိုက်အမှတ် ၃၃၈၃ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းက ငလျင်ကြောင့် ပျက်စီးခဲ့မှုများအား အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် SOP များနှင့်အညီ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် ပြန်လည်ဆယ်တင် ပြင်ဆင်အသုံးပြုနိုင်သည့်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်သွားရန်၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများပြီးစီးပါက အခန်းတွင်း၊ အခန်းအပြင်နှင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်ပေးရန်၊ ရေလိုင်း၊ မီးလိုင်းများနှင့် အခြားလိုအပ်သည်များကို စနစ်တကျစစ်ဆေးပြီး စီမံဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိ အဆောက်အဦ A အဆောင်နှင့် B အဆောင်နေရာများတွင် ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးအသစ်ပြန်လည် တည်ဆောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုမိန့်ဖြင့် EOI ခေါ်ယူခဲ့မှု၊ လာရောက်လျှောက်ထားကြသည့် ကုမ္ပဏီများ၏ တင်ပြလာသည့် ဒီဇိုင်းများအပေါ် နည်းပညာအဆိုပြုချက်များနှင့် အခြားလိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာများကို စိစစ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ပြန်လည်ပြုပြင်ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင် တည်ရှိသည့် ဥတ္တရသီရိ ရေလှောင်တမံသို့ ရောက်ရှိကြရာ မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်များကြောင့် ရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုအခြေအနေနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀၊ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများသောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈ -၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် (28th St. Petersburg International Economic Forum – SPIEF–2025) သို့ တက်ရောက်ခဲ့သည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ်ဆောင်ရွက်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုနှစ်ကျင်းပသည့်ဆောင်ပုဒ်မှာ “ဗဟုဝင်ရိုး ကမ္ဘာကြီးထွားရေး အခြေခံတည်ဆောက်ဖို့ ပူးပေါင်းမျှဝေကြပါစို့” (Shared Values: The Foundation of Growth in a Multipolar World) ဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ အပြန်အလှန်လေးစားမှု၊ လူ့အဖွဲ့အစည်း၏ စံတန်ဖိုးများနှင့်အညီ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှု၊ တန်းတူညီမျှမှုကိုအခြေခံ၍ ဖိုရမ်ကိုကျင်းပဆောင်ရွက်ခြင်း ဖြစ်သည်။



### ပါဝင်တက်ရောက်

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံသမ္မတ၏ အကြံပေး၊ ရုရှားရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ ရုရှား – မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာ–ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ရုရှားနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ် တိုးချဲ့ဖော်ဆောင်ရေး စားပွဲဝိုင်းဆွေးနွေးပွဲသို့ ရုရှားနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အကြံပေး Mr. Igor Levitin အပါအဝင် နိုင်ငံတကာမှ ဝန်ကြီးများ၊ ကျွမ်းကျင်သူများနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ရုရှားနိုင်ငံ၏ မျှော်တွေးချက်သည် လက်ရှိကမ္ဘာ့ရေးရာအခြေအနေများနှင့် ညီညွတ်မှုရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ဒေသတွင်းဆိပ်ကမ်းများသို့ ရေယာဉ်လွှဲပြောင်းပို့ဆောင်ခြင်း (Transshipment) ဖြင့် ရုရှားကုန်စည်များကို ဆက်လက်သယ်ယူပို့ဆောင်နိုင်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ မော်တော်ကား၊ မီးရထားများဖြင့်လည်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်သွယ်မှုတိုးချဲ့ရန် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်တိုးချဲ့ဖော်ဆောင်မှုသည် ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မီနည်းပညာနှင့် ဆန်းသစ်သော ထောက်ပံ့ပို့ဆောင်ရေးစနစ်များ လိုအပ်သဖြင့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းများ၊ ရထားပို့ဆောင်ရေးလုပ်ငန်းများအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးသည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် ဆက်လက်တွေ့ဆုံ၍ ရုရှားနိုင်ငံ၏ ကုန်သွယ်ရေးလမ်းကြောင်းသစ် တိုးချဲ့ရေး၊ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားအလားအလာရှိသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr.Shatriov Sergey Vladimirovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့၊ ExpoForum Convention and Exhibition Center ၌ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Maksim Reshetnikov တို့ လက်မှတ်ရေးထိုးသည့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ အဆိုပါ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းများကို ဖန်တီးပေးနိုင်ပြီး အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်နိုင်မည်ဖြစ်ကာ ဥပဒေအရလည်း အကာအကွယ်ပေးသွားနိုင်မည်ဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr.Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ ပါဝင်တက်ရောက်သည်။ အဆိုပါအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်မှ မိန့်ခွန်းပြောကြားကာ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသမ္မတ H.E. Mr.Prabowo Subianto၊ တောင်အာဖရိကနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Paul Mashatile၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang၊ ဘာရိန်းစစ်ဦးစီးချုပ် H.E. Mr.Nasser Bin Hamad Al Khalifa တို့က ပါဝင်ဆွေးနွေးကြသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အာဆီယံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးဆိုင်ရာဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်တို့အကြား ကျင်းပသည့် ဒုတိယအကြိမ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တာတာစတန်ဒေသ (Republic of Tataistan) ကာဇန်မြို့ရှိ Alabuga Special Economic Zone မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရေး၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာလုပ်သားများကို ခေါ်ယူရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဇွန် ၁၉ ရက်ကလည်း အဖွဲ့ဝင်အဖြစ်ပါရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ရုရှားနိုင်ငံမှ ရုပ်သံမီဒီယာများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအလှအပများ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာဒေသအစားအစာများနှင့် ရုရှားခရီးသွားများအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

### ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ယခုနှစ်ကျင်းပသည့် (၂၈)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၄၄ နိုင်ငံမှအကြီးအကဲများ၊ အစိုးရအရာထမ်းများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်း ၃၈၀ မှ ဆွေးနွေးပြောကြားသူ ၁၀၀၀ ကျော်အပါအဝင် စုစုပေါင်း ၂၁၈၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဖိုရမ်ကာလအတွင်း စီးပွားရေးစာချုပ်ပေါင်း ၁၀၇၃ ခု ချုပ်ဆိုခဲ့ကြကြောင်းနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma က ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပိုမိုခိုင်မာစေရေး ဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီတို့ တွေ့ဆုံ ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပူးပေါင်းကူညီဆောင်ရွက်ပေး**

ဦးစွာပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီတို့ ပူးပေါင်းပြီး ရွေးကောက်ပွဲအကြို ကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက် ပွဲနှောင်းပိုင်းကာလ ကာလသုံးပိုင်း လုံး၌ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပြည်သူ လူထုကိုအသိပေးရမည့်အကြောင်း အရာများကို အသိပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် မည်သည့် ပါတီကိုမှ ဘက်မလိုက်ဘဲ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ရ သည့် ရွေးကောက်ပွဲဖြစ်အောင် မှန်မှန်ကန်ကန် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအနေ ဖြင့် သတင်းမီဒီယာများမှတစ်ဆင့် ကော်မရှင်၏ဆောင်ရွက်ချက်များ ကို မှန်မှန်ကန်ကန်သိရှိနိုင်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက မြန်မာ သတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ လမ်းညွှန်စာအုပ် နှင့် စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက် ဆောင်ရွက်လိုသည့် အချက်များ ကို ဆွေးနွေးကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လမ်းညွှန် စာအုပ်ပါပြင်ဆင်ရန် လိုအပ်မည့် အချက်များ၊ သတင်းမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ ရပ်များကို အကြံပြုဆွေးနွေးကြ ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းနှင့် ချောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**တောင်ကြီး ဇွန် ၂၃**

တောင်ကြီးမြို့ သန့်ရှင်းသာယာ လှပရေးနှင့် ရေနုတ်မြောင်းနှင့် ချောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၂၃ ရက် ညနေ ၃ နာရီက ပြည်နယ် စည်ပင်သာယာရေး ဌာနနှင့် ပြည်နယ် လမ်းဦးစီးဌာနတို့မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ၌ လာရောက်ရှင်းလင်းတင်ပြ သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်ကြီးမြို့ သန့်ရှင်းသာယာ လှပရေးနှင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး အတွက် ရေနုတ်မြောင်းနှင့်ချောင်း များ ရေစီးရေလာကောင်းမွန်ရန် သက်ဆိုင်ရာဌာနများက စဉ်ဆက် မပြတ်ဆောင်ရွက်ပေးရန် လိုအပ် ကြောင်း၊ ထို့အတူ အမှိုက် သိမ်းဆည်းရေး လုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများနှင့် စာချုပ် အမြန်ဆုံးချုပ်ဆိုရန် လိုအပ်ပြီး တာဝန်ရှိသူများက စည်းကမ်း စနစ်တကျ အချိန်မှန်မှန် အမှိုက် များသိမ်းဆည်းပေးရန်လိုကြောင်း၊ ထီးသိမ်ဘုတာသည် ဘဝသံသရာ ရထားလမ်းရှိပြီး လာရောက် လည်ပတ်သူများ အပန်းဖြေ အနားယူနိုင်ရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်၍ ဘူတာပတ်ဝန်း ကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင် များ စိုက်ပျိုးပေးရန် လိုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင် သာယာရေးဌာနမှ တာဝန်ရှိသူ များက ရှင်းလင်းတင်ပြပြီး ပြည်နယ်လမ်းဦးစီးဌာနမှ ထီးသိမ် ဘူတာအနီးရှိ View Point ဆောင်ရွက်မည့် နေရာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးတင်ပြ ချက်များအပေါ် ပြည်နယ်ဝန်ကြီး ချုပ်က ထီးသိမ်ဘူတာပတ်ဝန်း ကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင် များစိုက်ပျိုးပေးကြရန်၊ ဘဝ သံသရာရထားအဝိုင်းတွင် သစ်ပင် စိုက်ပျိုးရန်၊ ကျန်ရှိနေရာများတွင် အချိန်နှင့်တစ်ပြေးညီ သစ်ပင် စိုက်ပျိုးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့၊ ထီးသိမ်ဘူတာသို့သွားရောက်၍ View Point ဆောင်ရွက်မည့် နေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ သည်။ **ပြည်နယ်(ပြန်/ဆက်)**





# ကလေးမြို့၌ သဘာဝဘေးအသိပညာပေး

**ကလေး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မီးသတ်ဦးစီးဌာနနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော ခြင်း သဏ္ဍာန်တူသရုပ်ပြသခြင်းများကို ယနေ့နံနက် ၉ နာရီခွဲက အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ကလေးမြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင် က အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်ဇော်ထွန်းက ရေဘေး၊ ငလျင်ဘေးနှင့် ကလေးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးဘိုဘိုဝင်းက မီးဘေး၊ ရေဘေးဆိုင်ရာများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသည့် စက်ပစ္စည်းများဖြင့် ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့သဏ္ဍာန်တူသရုပ်ပြသခဲ့ ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# လေ့လာဖူးသော ရွေးကောက်ပွဲတစ်ခု

ကေကေ (မဟာဝိဇ္ဇာ)

တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ ဥက္ကဋ္ဌများဖြစ်ကြသော အများ ယုံကြည်လေးစားသောပုဂ္ဂိုလ် ၁၄ ဦးနှင့် ပြည်ထောင်စု နယ်မြေကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့သည် ၇-၉-၂၀၁၃ ရက်နေ့က ကျင်းပခဲ့သည့် ဩစတြေးလျ နိုင်ငံ ရွေးကောက်ပွဲကို လေ့လာခွင့်ရရှိခဲ့ကြသည်။

**မဲစာရင်း**

အသက် ၁၈ နှစ်နှင့်အထက်ရှိသော ဩစတြေးလျ နိုင်ငံသားတိုင်း မဖြစ်မနေ စာရင်းသွင်း၍ မပေး မနေရ မဲပေးရသည်။ မဲစာရင်းပါပြီး မဲပေးရန် ပျက်ကွက်လျှင် ဒေါ်လာ ၂၀ ဒဏ်တပ်သည်။

ဩစတြေးလျရွေးကောက်ပွဲကော်မရှင် (AEC) က မဲစာရင်းဆင်းမကောက်ချေ။ အသက် ၁၈ နှစ် ပြည့်သူက သူ့အမည်ကို မဲစာရင်းတွင်ထည့်ပေးရန် ရွေးကောက်ပွဲမဲစာရင်း လျှောက်လွှာတင်ရသည်။ လျှောက်လွှာပုံစံကို တစ်နိုင်ငံလုံးရှိ စာတိုက်များတွင် လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်ရုံးများ တွင်လည်းကောင်း ရရှိနိုင်သည်။

ကော်မရှင်ဝန်ထမ်းများသည် နိုင်ငံသားခံယူပွဲ အခမ်းအနားများ (Citizenship Ceremonies) သို့ တက်ရောက်ကြပြီး အသက် ၁၈ နှစ်နှင့်အထက်ရှိ သော နိုင်ငံသားအသစ်များ၏ မဲစာရင်းလျှောက်လွှာ များကို လက်ခံကြသည်။

မဲစာရင်းလျှောက်လွှာကို အွန်လိုင်းမှလည်း ပေးပို့နိုင်သည်။ မဲစာရင်းစမတ်ပုံစံကို AEC ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ရယူနိုင်သည်။

ခန္ဓာကိုယ်မစွမ်းမသန်၍ လျှောက်လွှာပုံစံကို ကိုယ်တိုင်မဖြည့်နိုင်၊ လက်မှတ်မထိုးနိုင်သူသည် အခြားလူတစ်ယောက်၏ အကူအညီဖြင့် မဲစာရင်း လျှောက်လွှာတင်ကာ စာတိုက်မှတစ်ဆင့် မဲပေးခွင့် (Postal Vote) ကို လျှောက်ထားနိုင်ခြင်း၊ နေရပ် လိပ်စာ အတည်တကျမရှိသူအနေဖြင့် ရွှေ့ပြောင်း သွားလာ မဲစာရင်း (Itinerant Enrollment) တွင် ဖြည့်သွင်းနိုင်ခြင်းတို့မှာ ထူးခြား၏။

အထွေထွေရွေးကောက်ပွဲ၊ ပြည်နယ် (State) ရွေးကောက်ပွဲ၊ နယ်မြေ(Territory) ရွေးကောက်ပွဲ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲ( ဥပမာ မြူနီစီပယ်ရွေးကောက်ပွဲ အားလုံးအတွက်တွင် ဤ AEC Enrollment မဲစာရင်းတစ်ခုကိုသာ အသုံးပြု သည်။ မဲဆန္ဒရှင်တစ်ယောက်သည် တစ်ကြိမ်မဲ စာရင်းသွင်းပြီးသည်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ မည်သည့် ရွေးကောက်ပွဲကိုမဆို မဲပေးနိုင်၏။

နိုင်ငံခြားသွားမည့် မဲဆန္ဒရှင်တစ်ယောက်သည် ခြောက်နှစ်အတွင်း ဩစတြေးလျနိုင်ငံသို့ ပြန်လာရန် ရည်ရွယ်ပါက ပြည်ပရောက်မဲဆန္ဒရှင် (Over elector) အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားနိုင် သည်။ ထိုအခါ သူ့အမည်ကို မဲစာရင်းမှ ပယ်ဖျက်မည် မဟုတ်ချေ။

မဲပေးခွင့်မရှိသူများမှာ အကြမ်းဖျင်းအားဖြင့် စိတ်မမှန်သူ၊ သုံးနှစ်ထက်ပို၍ ထောင်ဒဏ်ကျခံရသူ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်သူ၊ နိုင်ငံခြားသား (မှတ်ချက်။ ၂၅-၁-၁၉၈၄ ရက်ထုတ် ဗြိတိသျှ ဓန သဟာယ မဲစာရင်းတွင်ပါဝင်သော ဗြိတိန်နိုင်ငံသား များခြွင်းချက်)တို့ဖြစ်ကြ၏။ ဘာသာရေးဝန်ထမ်း များအနေဖြင့် သက်ဆိုင်ရာဘာသာက ခွင့်ပြုလျှင် မဲပေးနိုင်ပြီး ခွင့်မပြုလျှင် မဲမပေးနိုင်ချေ။

**ရှင်သန်နေသောမဲစာရင်း**

ကော်မရှင်ဝန်ထမ်းများသည် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတိုင်း မဲစာရင်းတွင် ပါဝင်စေရန်နှင့် မဲစာရင်းတွင် ရေးသွင်းထားသော အချက်အလက်များ မှန်ကန်မှု ရှိစေရန် စဉ်ဆက်မပြတ် စစ်ဆေးပြင်ဆင်ပေးနေကြ ရသည်။ မဲစာရင်းကို ပြန်လည်သုံးသပ်ပြင်ဆင်သော နည်းလမ်းအမျိုးမျိုးရှိသည်။ မဲဆန္ဒရှင်ကိုယ်တိုင်က နာမည်ပြောင်းလျှင်၊ လိပ်စာပြောင်းလျှင် AEC ကို အသိပေးရန် တာဝန်ရှိသည်။ ကော်မရှင်က စာတိုက် ဌာန၏ အကူအညီဖြင့် စာပို့လိပ်စာများကို စစ်ဆေး သည်။ ကွင်းဆင်းကြည့်ရှုသည်။ ဩစတြေးလျ မဲစာရင်း၏ အဓိကသော့ချက်နှစ်ခုမှာ မဲဆန္ဒရှင်၏

> ❑ **မဲပေးခွင့်ရှိသူများက မဲစာရင်းတွင် ၎င်းတို့အမည်ပါ မပါကိုလည်းကောင်း၊ လိပ်စာမှန် မမှန်ကိုလည်းကောင်း အခမဲ့ကြည့်ရှုစစ်ဆေးနိုင်အောင် AEC ကော်မရှင်ရုံးများ တွင် အီလက်ထရွန်နစ် မဲစာရင်းမိတ္တူတစ်ခု ထားပေးသည်**
>
> ❑ **ရွေးကောက်ပွဲ အကြိုရက်များအတွင်း နိုင်ငံရေးပါတီတွေက အလံထောင်၊ ဆောင်းဘောက်ဖွင့်၊ နဖူးစည်းပတ်ပြီး မော်တော်ကား၊ ဆိုင်ကယ်စီး၍ မြို့လုံးပတ် လှည့်လည်ကာ မဲဆွယ်သည်နှင့်မတူ၊ ဆန္ဒပြသည်နှင့်တူလှစွာ ဆူညံဆူညံနှင့် လမ်းသွားလမ်းလာတွေကို အနှောင့်အယှက်ဖြစ်လောက်အောင် စည်းရုံးကြ အော်ဟစ်ကြတာ မတွေ့ခဲ့ရချေ။ မြို့သူမြို့သားတွေသည် ပုံမှန်အတိုင်း သွားလာ လှုပ်ရှားနေကြပေရာ မကြာမီရက်ပိုင်းအတွင်း အထွေထွေရွေးကောက်ပွဲကြီးတစ်ခု ရှိလာတော့မည်မှာ ဟုတ်မှ ဟုတ်ပါရဲ့လားဟု သံသယဝင်စရာပင် ကောင်းလှပေ တော့၏**

နာမည်နှင့် မဲဆန္ဒရှင်၏ နေရပ်လိပ်စာဖြစ်၏။ မဲစာရင်းတွင်ပါသော်လည်း နာမည်နှင့် လိပ်စာလွဲ လျှင် မဲပေးခွင့်မရချေ။

မဲပေးခွင့်ရှိသူများက မဲစာရင်းတွင် ၎င်းတို့အမည် ပါ မပါကိုလည်းကောင်း၊ လိပ်စာမှန် မမှန်ကိုလည်း ကောင်း အခမဲ့ ကြည့်ရှုစစ်ဆေးနိုင်အောင် AEC ကော်မရှင်ရုံးများတွင် အီလက်ထရွန်နစ် မဲစာရင်း မိတ္တူတစ်ခု ထားပေးသည်။ ထို့ပြင် မဲဆန္ဒရှင်များ အနေဖြင့် မဲစာရင်းပါ ၎င်းတို့၏ အချက်အလက်များ မှန်ကန်မှု ရှိ မရှိကို AEC ဝက်ဘ်ဆိုက်တွင်ဝင်၍ အွန်လိုင်းမှတစ်ဆင့် စစ်ဆေးနိုင်အောင် စီစဉ်ထား ပေးသည်။

**ကြိုတင်မဲ**

မဲဆန္ဒရှင်သည် ရွေးကောက်ပွဲနေ့တွင် မဲရုံသွား မဲပေးရန် အကြောင်းမညီညွတ်ပါက ကြိုတင်မဲ မဲရုံ(pre-poll voting place or early voting centre) တွင်ဖြစ်စေ၊ ခရိုင်ကော်မရှင်ရုံး (AEC Divisional Office) တွင်ဖြစ်စေ သုံးပတ်ကြိုတင်မဲပေး နိုင်သည်။ ကြိုတင်မဲ မဲရုံသည် သာမန်မဲရုံပင်ဖြစ်၍ သုံးပတ် ကြိုတင်ဖွင့်ပေးထားခြင်းဖြစ်၏။ မဲရုံ ဝန်ထမ်းများသည် စေတနာ့ဝန်ထမ်းများဖြစ်ကြပြီး ထိုအချိန်မှ စတင်တာဝန်ထမ်းဆောင်ကာ နေ့တွက် စရိတ်လည်းရရှိကြသည်။

ကြိုတင်မဲတွင် အကျုံးဝင်သော မဲပေးနည်း နှစ်မျိုးမှာ ရွှေ့လျားရွေးကောက်ပွဲအဖွဲ့ (Mobil Polling Team) နှင့် စာတိုက်မဲ (Postal Vote) ဖြစ်သည်။ ဆေးရုံ၊ အကျဉ်းထောင်နှင့် ဝေးလံ ခေါင်ဖျားဒေသရှိ မဲဆန္ဒရှင်များထံသို့ ရွေးကောက်ပွဲ နေ့မတိုင်မီ ၁၂ ရက်ကြိုတင်၍ ရွေ့လျားရွေးကောက်ပွဲ အဖွဲ့တွေ စေလွှတ်ပေးသည်။ မဲဆန္ဒရှင်တစ်ယောက် သည် စာတိုက်မှ မဲပေးခွင့်ကိုလည်း တောင်းဆိုနိုင် သည်။ စာတိုက်မဲကို အထူးသတ်မှတ်ထားသော စာအိတ်တွင်ထည့်၍ မဲရုံပိတ်ချိန်မတိုင်မီ ပေးပို့ရန် လိုအပ်သည်။

မဲဆန္ဒနယ်အတွင်းပေးသော ကြိုတင်မဲများ (Pre-poll ordinary votes) ကို မဲရုံပိတ်ချိန်၌ မဲရုံမှာ ပင် ရေတွက်၏။ မဲပုံးထဲလာထည့်ကြသော ကြိုတင်မဲများဖြစ်ကြသည်။ မဲဆန္ဒနယ်ပြင်ပမှ စာအိတ်ဖြင့် ရောက်လာသော ကြိုတင်မဲများ (Pre-poll declaration votes) ကို ရွေးကောက်ပွဲည လွန်မြောက်ပြီးမှ သီးသန့်ရေတွက်သည်။

**မဲဆွယ်ခြင်း**

ရွေးကောက်ပွဲအကြိုရက်များအတွင်း နိုင်ငံရေး ပါတီတွေက အလံထောင်၊ ဆောင်းဘောက်ဖွင့်၊ နဖူးစည်းပတ်ပြီး မော်တော်ကား၊ ဆိုင်ကယ်စီး၍ မြို့လုံးပတ်လှည့်လည်ကာ မဲဆွယ်သည်နှင့်မတူ၊ ဆန္ဒပြသည်နှင့်တူလှစွာ ဆူညံဆူညံနှင့် လမ်းသွား လမ်းလာတွေကို အနှောင့်အယှက်ဖြစ်လောက် အောင် စည်းရုံးကြ အော်ဟစ်ကြတာ မတွေ့ခဲ့ရချေ။ မြို့သူမြို့သားတွေသည် ပုံမှန်အတိုင်း သွားလာ လှုပ်ရှားနေကြပေရာ မကြာမီရက်ပိုင်းအတွင်း အထွေထွေရွေးကောက်ပွဲကြီးတစ်ခု ရှိလာတော့မည် မှာ ဟုတ်မှ ဟုတ်ပါရဲ့လားဟု သံသယဝင်စရာပင် ကောင်းလှပေတော့၏။

ကြိုတင်မဲရုံရှေ့ရောက်မှပင် ရွေးကောက်ပွဲပုံရိပ် ကို တွေ့ရသည်။ မဲရုံရှေ့ပလက်ဖောင်းပေါ်တွင် ပါတီ ကိုယ်စားလှယ်တွေက မတ်တတ်ရပ်လျက် လမ်းသွား လမ်းလာတွေကို မဲဆွယ်နေကြသည်။ သူတို့ မဲဆွယ် ပုံမှာ လမ်းသွားလမ်းလာနှင့် မဲလာထည့်သူများကို လက်ကမ်းပိုစတာစာရွက်တွေ ဝေငှပေးခြင်းဖြစ် သည်။ ပလက်ဖောင်းပေါ်မှာတော့ ကိုယ်စားလှယ် လောင်း (အမတ်လောင်း) ပုံပါသော ပိုစတာ ဆိုင်းဘုတ်ငယ်တွေ ထောင်ထားသည်။ လမ်းသွား လမ်းလာတွေကို အနှောင့်အယှက်မဖြစ်စေရပေ။

ပါတီမတူသူ ပြိုင်ဘက်တွေ ရင်ပေါင်တန်းရပ် လျက် မဲဆွယ်နေကြသော်လည်း သူတို့ချင်း ရန်မဖြစ် ကြချေ။ တစ်ပါတီနှင့် တစ်ပါတီ ပုတ်ခတ်ပြောဆို ခြင်း မတွေ့ခဲ့ရချေ။ မိမိပါတီ အနိုင်ရလျှင် နိုင်ငံနှင့် ပြည်သူအတွက် ဘာလုပ်ပေးမည်ဟု ကတိပြုမဲဆွယ် ကြသည်။ ဒါက မဲရုံရှေ့ မြင်ကွင်းတစ်ကွက်ဖြစ်သည်။ ပါတီခေါင်းဆောင်တွေ၊ တာဝန်ရှိသူတွေက သီးသီး သန့်သန့် ဟောပြောစည်းရုံးကြသည်မှာ တစ်ကဏ္ဍ ဖြစ်သည်။

**ရွေးကောက်ပွဲနေ့ မဲပေးခြင်း**

အထွေထွေရွေးကောက်ပွဲကြီးကို စနေနေ့နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း တစ်နိုင်ငံလုံးကျင်းပ လေ့ရှိသည်။ မဲရုံအများစုမှာ စာသင်ကျောင်းတွေ ဖြစ်သည်။ ထိုနေ့တွင် ရုံးတွေ၊ ဆိုင်တွေ ပိတ်ကြ သည်။

မဲရုံအခင်းအကျင်းမှာ မိမိတို့နှင့် မကွာလှချေ။ မဲစာရင်းစစ်ဆေးသောနေရာနှင့် မဲလက်မှတ်ထုတ် ပေးသောနေရာ၊ လျှို့ဝှက်ဆန္ဒပြုသောနေရာ၊ မဲပုံး ဟူသော အဓိက အင်္ဂါရပ် သုံးခုမှာ အတူတူပင် ဖြစ် သည်။ မိမိတို့ထံတွင် မရှိသော သတင်းစုံစမ်းရန်နေရာ (Information) နှင့် မဲပုံးစောင့် (ballat box guard) တို့ကို တွေ့ခဲ့ရသည်။

မဲလက်မှတ်ထုတ်ပေးသူသည် သူ့ရှေ့ရောက် လာသော မဲဆန္ဒရှင်တိုင်းကို (၁) နာမည် ဘယ်လိုခေါ် သလဲ (၂) ဘယ်မှာနေသလဲ (၃) ဒီရွေးကောက်ပွဲမှာ မဲပေးပြီးပြီလား ဟူသော မေးခွန်းသုံးခုမေးရသည်။ ပထမနှင့် ဒုတိယ အဖြေတို့ဖြင့် မဲစာရင်းစာအုပ်တွင် ရှာသည်။ မဲစာရင်းတွင် နာမည်မပါလျှင်၊ နာမည် မတူလျှင်၊ လိပ်စာမတူလျှင် မဲလက်မှတ် ထုတ်မပေး ချေ။ နာမည် လိပ်စာမှန်လျှင် တတိယမေးခွန်းကို ဆက်မေး၍ မဲပေးပြီးပြီဆိုပါက မဲလက်မှတ်ထုတ် မပေးပေ။ မဲမပေးရသေးပါက အောက်လွှတ်တော် မဲလက်မှတ် (House of Representative) နှင့် အထက် လွှတ်တော် မဲလက်မှတ် (senate) ကို ထုတ်ပေး သည်။ မဲလက်မှတ်များပေါ်ရှိ သတ်မှတ်ထားသော နေရာ၌ မဲလက်မှတ်ထုတ်ပေးသူက လက်မှတ်ရေး ထိုးပေးလိုက်သည်။ ဒီတော့မှ မဲဆက်ပေးရ၏။

မဲဆန္ဒရှင်တစ်ယောက်သည် ကြိုတင်မဲလည်း မပေးဖြစ်ဘဲ ရွေးကောက်ပွဲနေ့၌ မရှောင်လွှဲသာသော ကိစ္စကြောင့် ၎င်း၏ မဲဆန္ဒနယ်ပြင်ပတွင် ရောက်နေ ပြီ ဆိုပါစို့။ သူရောက်နေသော နေရာသည် ပြည်နယ် ခြား၊ နယ်မြေခြားနေရာမဟုတ်ဘဲ ၎င်းနေထိုင်ရာ ပြည်နယ် သို့မဟုတ် နယ်မြေအတွင်းမှာပဲ ရှိနေလျှင် ကြိုက်နှစ်သက်ရာ မဲရုံ၌ မဲဝင်ပေးနိုင်သော ပြဋ္ဌာန်း ချက်ရှိသည်။ ထို့ကြောင့် မဲရုံအချို့တွင် ထိုကဲ့သို့သော မဲဆန္ဒရှင်မျိုးအတွက် မဲလက်မှတ်ထုတ်ပေးသော နေရာ၊ လျှို့ဝှက်ဆန္ဒပြုရန် နေရာနှင့် သီးသန့်မဲပုံးကို စီစဉ်ထားသည်။ ထိုကဲ့သို့သော မဲမျိုးကို (Absent Vote) ဟုခေါ်သည်။ နည်းလေ့ရှိပါသည်။

စာရေးသူတို့လေ့လာခဲ့စဉ်က မဲရုံအချို့တွင် အီလက်ထရွန်နစ်မဲပေးစနစ်ကို စမ်းသပ်အသုံးပြုနေ ကြောင်း တွေ့ရှိခဲ့ရသည်။ ကျန်မဲရုံအများစုမှာ မဲလက်မှတ်ကိုသာ အသုံးပြုသည်။ မဲရုံသို့မလာနိုင်သူ ကို အိမ်ကားဖြင့် မဲရုံသို့ ခေါ်လာတာကိုလည်း တွေ့ခဲ့ ရသည်။ ဆလွန်းကားနောက်ခုံမှာ ထိုင်နေသော မဲဆန္ဒရှင်ထံ မဲရုံအဖွဲ့ဝင်နှစ်ယောက်က သွားရောက် ပြီး လျှို့ဝှက်မဲပေးခြင်းကို ဆောင်ရွက်ကြသည်။ ပြီးတော့ မိသားစုက ပြန်ခေါ်သွားသည်။ ဤမြင်ကွင်း ကို မဲရုံရှေ့ပလက်ဖောင်းပေါ်မှ ကြုံတောင့်ကြုံခဲ ကြည့်ခဲ့ရသည်။

*စာမျက်နှာ ၇ သို့*

## လယ်ဝေးမြို့နယ်၌ စိုက်ပျိုးရေးအထောက်အကူပြု AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေး ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၄**

လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တုနည်း ပညာပြန့်ပွားရေး လုပ်ငန်းကို ကျေးရွာများရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာများ တွင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ပျံချီကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းက တောင်သူများအနေဖြင့် မိုဘိုင်းဖုန်းကိုအသုံးပြု၍ AIနည်းပညာဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက တက်ရောက်လာသည့် တောင်သူများ၏ ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့်နည်းလမ်းများ စမ်းသပ်ပြသခြင်း စသည့် ပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။



လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အသိပညာပေးစင်တာများတွင် ယနေ့အထိ တောင်သူ ၁၇၀၈ ဦးအား စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်း အသိပညာပေးခြင်းကို (၆၁) ကြိမ် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ တောင်သူနည်းပညာပေး ဆွေးနွေး

**တွံတေး ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများအား စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို ဇွန် ၂၃ ရက်က တမံကြီးကျေးရွာ အုပ်စု ရွှေဘိုစုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေး သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်လယ်ယာစီမံခန့်ခွဲရေးကော်မတီ



ဥက္ကဋ္ဌ ကိုယ်စား မြို့နယ်လယ်/ စီအတွင်းရေးမှူး ဦးမောင်ကျော်က အမှာစကားနှင့် ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြား သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးက စပါးမျိုးစေ့ချကိရိယာ (Seeder) အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ ဆွေးနွေးပို့ချခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူးက မွေးမြူရေးကိုလည်း စိုက်ပျိုးရေးနှင့် တွဲဖက် မွေးမြူ၍ဝင်ငွေတိုးပွားကာ စိုက်ပျိုးရေးအတွက်လည်း အထောက်အကူ ပေးနိုင်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ပိုးမွှားတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ခင်ပြုံးက ပိုးမွှားအန္တရာယ်အကြောင်းနှင့် ပိုးသတ် ဆေးအကြောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း က စပါးအထွက်တိုးမျိုးစေ့များအကြောင်း၊ ဒေသမျိုးရင်းအထွက်တိုး စပါးအကြောင်းနှင့် ခရိုင်မြေအသုံးချတာဝန်ခံဦးစီးအရာရှိ ဒေါ်ဆွေဆွေမြင့် က လယ်ယာမြေပြုပြင်နည်း၊ သဘာဝမြေဩဇာ ပေါင်းစပ်အသုံးပြုနည်း၊ မြေယာကောင်းမွန်အောင် ဓာတ်မြေဩဇာအသုံးပြုနည်း၊ အသုံးချရ မည့် နှုန်းထားအကြောင်း၊ မြေဓာတ်ပြုမှုအကြောင်း ပြောကြား ဆွေးနွေးသည်။

မျိုးလှိုင်(တွံတေး)

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**သထုံ ဇွန် ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ များ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိ ပညာပေး ဟောပြောပွဲကို ယမန်နေ့က သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲ ပြုလုပ် ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေးတို့ကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာများ အသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က လူငယ်များ အကျင့် စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေ တတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးဟောပြော ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များ နှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများ အား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယအကြိမ် ဖြေဆိုခွင့်အား ဖိအားများနဲ့ ဖြတ်သန်းခဲ့ရ သော ညောင်ဦးမြို့မှ ကျောင်းသား/ကျောင်းသူများ"** ခေါင်းစဉ်ဖြင့် ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ် သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမျိုးသမီး ၆ ဦးအပေါ် အကြောင်းမဲ့ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်း နံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဓနုဖြူမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်

**ဓနုဖြူ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ အငြိမ်းစားများအား ကျန်းမာ ရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်း သက်သာစွာ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၈) ရပ်ကွက် မင်းပိုင်းဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။

မြို့နယ်ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်း ၂၁၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက် ပေးပြီး မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီမှ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများ ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။

အဆိုပါနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကုသရေးဦးစီးဌာနနှင့် အသင်းအဖွဲ့များက လိုအပ်သည်များ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

### မဲရေတွက်ခြင်း

မဲရုံပိတ်ချိန်တွင် မဲရုံသို့ ပါတီကိုယ်စားလှယ်တွေ အလျှို အလျှို ရောက်လာကြသည်။ သူတို့ မျက်မှောက် တွင် မဲရုံဝန်ထမ်းက မဲရေတွက်မည်ဖြစ်သည်။ ခိုင်လုံမဲ (Formal Vote) နှင့် ပယ်မဲ (Informal Vote) ကို ခွဲခြားမည်ဖြစ်သည်။ မဲရေတွက်စဉ်တွင် မဲဆန္ဒရှင်တွေကို မဲရုံထဲ ဝင်ခွင့်မပြုချေ။ စင်စစ် ပါတီ ကိုယ်စားလှယ်သည်လည်း ပြည်သူပင်ဖြစ်သည်ဟု ဆိုကြသည်။ လူသူမပြွတ်သိပ်သဖြင့် မဲရေတွက်ခြင်း လုပ်ငန်း၊ ပါတီတွေက စောင့်ကြည့်ခြင်းလုပ်ငန်းကို အေးချမ်းစွာ အာရုံစူးစိုက်ထားနိုင်သည်။

ရွေးကောက်ပွဲည မဲရုံတွင် ရေတွက်သော မဲအမျိုးအစားများမှာ နေ့ချင်းပေးမဲနှင့် မဲဆန္ဒနယ် အတွင်းမှ ကြိုတင်မဲဖြစ်သည်။ အောက်လွှတ်တော်မဲ နှင့် အထက်လွှတ်တော်မဲတွင် အောက်လွှတ်တော်မဲ ကို ဦးစွာရေတွက်သည်။ မဲရေတွက်ပုံမှာ ရွေးကောက်ပွဲ စနစ်ကိုလိုက်၍ ကွဲပြားသည်။

ဩစတြေးလျနိုင်ငံတွင် အောက်လွှတ်တော်ကို "ထက်ဝက်ကျော်နည်း" (Preferential Voting System) နှင့် အထက်လွှတ်တော်ကို "အချိုးကျ ကိုယ်စားပြုနည်း" (Proportional Representative Voting System) တို့ဖြင့် ရွေးကောက်ပွဲကို ကျင်းပပါ သည်။ ထက်ဝက်ကျော်နည်း ရေတွက်ပုံမှာ လွယ်ကူ ရှင်းလင်း၍ အချိန်တိုအတွင်း ပြီးစီးနိုင်သော်လည်း အချိုးကျကိုယ်စားပြုနည်း ရေတွက်ပုံမှာ အနည်းငယ် ရှုပ်ထွေးပေသည်။ ရွေးကောက်ပွဲညတွင် ပထမ အဆင့်ရေတွက်မှု (First preferential counting) ကိုသာ စထားနိုင်ပြီး ရွေးကောက်ပြီးသည့် နောက်နေ့ တွေမှာ ဆက်လက်ရေတွက်ရလေသည်။ ထို့ကြောင့် တရားဝင်အနိုင်အရှုံးစာရင်းကို AEC သည် ရွေးကောက် ပွဲအပြီး နှစ်ပတ်အကြာမှ ထုတ်ပြန်နိုင်သည်။ ကြား ကာလတွင် လက်ရှိအစိုးရက ထိန်းထားပြီး တရားဝင် ကြေညာသောအခါမှ အစိုးရသစ်ဖွဲ့နိုင်ပေသည်။

ပါလီမန်အမတ်အချို့က အချိုးကျကိုယ်စားပြု စနစ်ကို မသုံးလိုကြသော်လည်း ပါတီငယ်များ ပါလီမန်ထဲရောက်ရန် အခွင့်အရေးရှိသဖြင့် တော်ရုံနှင့် ပြောင်းဖို့မလွယ်ကြောင်း ပြောကြသည်။ ဒီမိုကရေစီ အလေ့အထစွဲမြဲခိုင်မာမှု၊ ရွေးကောက်ပွဲ အတွေ့အကြုံ ရင့်ကျက်မှု၊ စည်းကမ်း၊ ဥပဒေ လေးစားလိုက်နာမှု၊ မဲဆန္ဒရှင်-ကော်မရှင်-နိုင်ငံရေး ပါတီတို့ အပြန်အလှန် လေးစားလိုက်နာမှုရှိကြောင်း တွေ့ရှိရသည်။ ။

**(Ref: လေ့လာရေးမှတ်စုများနှင့် AEC စာစောင်များ)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း AACC အသင်း၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့်စာတမ်းဖတ်ပွဲ (Public Lecture) တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ထိုင်းဘုရင့်နိုင်ငံ ဗန်ကောက်မြို့တွင် Video Conferencing စနစ်ဖြင့် ပြုလုပ်သည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constit–utional Courts and Equivalent Institutions –AACC) ၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင် စာတမ်းဖတ်ပွဲကို "The Courts and the Protection of Human Rights" ခေါင်းစဉ်ဖြင့် ကျင်းပရာ ထိုင်းဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံနှင့် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ အခန်းကဏ္ဍ၊ တရားရုံးများအနေဖြင့် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှုများနှင့်စပ်လျဉ်း၍ စာတမ်းများ ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် AACC အသင်း ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို ဆက်လက်၍ ကျင်းပရာ လက်ရှိ AACC အသင်း၏ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထိုင်းဘုရင့်နိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌက ၎င်းတာဝန်ထမ်းဆောင်မှု ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြခြင်း၊ AACC အသင်း၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးများ ဖြစ်သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၏စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (AACC – SPC)၊ ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံး (AACC–SRD) နှင့် တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (AACC–CTHRD) တို့က ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာများ တင်သွင်းခြင်း၊ နောင်အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးခြင်းနှင့် AACC အသင်းသို့ အီရတ်သမ္မတနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်က အဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားခြင်းကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။




အဆိုပါ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constit–utional Courts and Equivalent Institutions – AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံနှင့်အတူ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Drug Security Forum သို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၅ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၁ ရက်ထိကျင်းပပြုလုပ်သည့် (၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Drug Security Forum သို့ တက်ရောက်ခဲ့သည်။(ယာပုံ)

ဖိုရမ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်က speaker အဖြစ်တက်ရောက်၍ ဆေးဝါးများစဉ်ဆက်မပြတ် ပြည့်စုံလုံလောက်စွာ လက်လှမ်းမီရရှိနိုင်ရေးအတွက် နိုင်ငံများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံက လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့် ဆေးဝါးမှတ်ပုံတင်ရေးလုပ်ငန်းစဉ်နှင့် ရုရှားနိုင်ငံမှထုတ်လုပ်သည့် ဆေးဝါးများတင်သွင်းသည့် လုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့



သည် ရုရှားနိုင်ငံ Rosatom ကုမ္ပဏီမှ တာဝန်ရှိသူများအား စိန့်ပီတာစဘတ်မြို့၌ လက်ခံတွေ့ဆုံ၍ ရုရှားနိုင်ငံ၏ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုရှားနိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၉ ရက် မနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး မစ္စတာ မီခေးမူရက်စ်ကိုနှင့် ညီလာခံကျင်းပရာ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် မတ်လက နိုင်ငံတော်အကြီးအကဲခရီးစဉ်၌ နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနများအကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MOU)တွင်ပါရှိသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်နိုင်ငံ ဆေးဘက်ဆိုင်ရာပညာရှင်များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီး အဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ ထုတ်လုပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံး ပစ္စည်းများ တင်သွင်းရောင်းချနိုင်ရေးအတွက် MOU လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ အဏုမြူရောင်ခြည်ဖြင့် ဆေးကုသမှုလုပ်ငန်းများနှင့် မျိုးရိုးဗီဇကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇွန် ၂၁ ရက် မနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Geropharm ဆေးဝါးကုမ္ပဏီ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘားအံမြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

**ဘားအံ ဇွန် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ဘားအံ)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ်




သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲတွင် သူနာပြုသင်တန်းကျောင်း တတိယနှစ် စီနီယာအတန်းမှ သင်တန်းသူ မနဒီဦးက "လူငယ်၊ အားကစားနှင့်ကျန်းမာရေး " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ် စီနီယာအတန်းမှ သင်တန်းသူ မနွေးနွေးနိုင်က "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမနှစ်အတန်းမှ သင်တန်းသူ မနှင်းဝတ်ရည်က " လူငယ်နှင့်ကိုယ်ကျင့်တရား" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ တတိယနှစ်ဂျူနီယာအတန်းမှ သင်တန်းသား စောချစ်ချစ်မိုးက " လူငယ်နှင့်ဝါသနာ " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ်ဂျူနီယာအတန်းမှ နန်းအေးပွင့်မိုးက " လူငယ်နှင့်အသက်မွေးဝမ်းကျောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# လျှော်ဘေးအန္တရာယ် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**ဝမ်းတွင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လျှော်ဘေးအန္တရာယ် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း သဲတော၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက လျှော်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ ဦးဆောင်၍ လျှော်ဘေးအန္တရာယ်သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ဆောင်ရွက်ကာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၁၅ ဦး တက်ရောက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၄**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အခြေခံပြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရန် လှုံ့ဆော်စည်းရုံးလှုပ်ရှားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုအဆင့်အလိုက်လုပ်ရမည့်လုပ်ငန်းများတွင် ပြည်ထောင်စုအဆင့်က ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အာဏာပိုင်အဖွဲ့အစည်းများက ဦးဆောင်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပါဝင်ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စများ၊ နိုင်ငံတကာအဖွဲ့အစည်း၊ ပြည်တွင်းလူမှုပရဟိတအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ ပါဝင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာအသိုက်အဝန်းကလည်း စာနာထောက်ထားမှုများပြသပြီး ဝိုင်းဝန်းကူညီရန် စိတ်အားထက်သန်မှုများ ပြသလာနေကြပြီဖြစ်ကြောင်း၊ ယင်းအကူအညီများနှင့် အခြားပြည်တွင်း၊ ပြည်ပအကူအညီအထောက်အပံ့များ ပေါင်းစပ်ပြီး မိမိတို့လူမှုအသိုက်အဝန်း၏ ပေါင်းစည်းအင်အားဖြင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်အောင်မြင်စွာ တုံ့ပြန်ကျော်လွှားနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်စိုးက လုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ်အဆင့်အလိုက် ပြည်သူလူထုအင်အားကိုရယူသွားမည့် လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရင်ဆိုင်ရေး ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံချက်များ ရေးဆွဲ၍ စုဖွဲ့ပြင်ဆင်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ သဘာဝဘေးသင့်ဒေသများသို့ အလှူငွေများ ဖြန့်ခွဲထောက်ပံ့ပေးနေမှု၊ လုပ်ငန်းတာဝန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ အလားအလာရှိပြီး အာမခံချက်ကောင်းမွန်သည့် ကမ်းလွန်လုပ်ကွက်များတွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံနှင့် မြန်မာ-ယူအေအီးစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် မြန်မာ-ယူအေအီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်အကာအကွယ်ပေးရေး သဘောတူစာချုပ်များကို နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်ရေးအတွက်ချုပ်ဆိုရေး၊ မြန်မာ - ယူအေအီးနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်ဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍအပြင် အခြားစီးပွားရေးကိစ္စများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍**(ယာပုံ)** ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သတင်းစဉ်



# နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းနှင့် သရုပ်ပြသပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းနှင့် သရုပ်ပြသပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ပေါင်းလောင်းမြစ်၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆော်သြရေးသရုပ်ပြအဖွဲ့က စက်လှေဖြင့် မိုးလေဝသသတင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန် အသံချဲ့စက်ဖြင့် လိုက်လံကြေညာခြင်း၊ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအဖွဲ့က မြစ်တစ်ဖက်ကမ်းရှိ ရေဘေးသင့်ပြည်သူများအား စက်လှေများဖြင့် သွားရောက်ခေါ်ဆောင်ခြင်း၊ ရေနစ်သူကို ကယ်ဆယ်ပေးခြင်း၊ ကူညီကယ်ဆယ်ရေးသရုပ်ပြအဖွဲ့က တစ်ဖက်ကမ်းမှ ရေဘေးရှောင်ပြည်သူများနှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်များအား ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးခြင်း၊ ကယ်ဆယ်ရေးစခန်း သရုပ်ပြအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းအဖွဲ့တို့က ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာသည့် ပြည်သူများအား နေရာချထားခြင်း၊ စာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယာယီကယ်ဆယ်ရေးစခန်း၌ သရုပ်ပြလေ့ကျင့်ခြင်း၌ ပါဝင်ဆောင်ရွက်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shambhala Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nammi အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် PMPG_EV Myanmar Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID4 Crozz Pure အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အဆိုးကျော့ သံသရာ

## ကိုကိုချွန်(မော်လမြိုင်)

### မူးယစ်ဆေးဝါးပြဿနာ၏ လက်ရှိအခြေအနေ

မြန်မာနိုင်ငံ ကြုံတွေ့ခံစားနေရသော မူးယစ်ဆေးဝါးပြဿနာကို လေ့လာကြည့်လျှင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ နိုင်ငံအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ခြင်း၊ ကြားခံနိုင်ငံအဖြစ် အသုံးချခံနေရခြင်း၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်မှု မြင့်မားလာခြင်းနှင့်အတူ မူးယစ်ဆေးဝါး ချက်လုပ်သူများ၏ နယ်စပ်များမှ တရားမဝင် ဝင်ရောက်လာခြင်းတို့ကို ကြုံတွေ့ရပါသည်။

နိုင်ငံတော်၏ လက်ရှိကြုံတွေ့နေသော အခြေအနေနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့က မူးယစ်ဆေးဝါးပြဿနာတွင် နက်ရှိုင်းစွာပါဝင်နေမှုကလည်း ပြဿနာဖြေရှင်းရာ၌ အဆိုးသံသရာကို ရှည်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြဿနာတွင် အရင်းခံအချက်များစွာရှိသည့်အနက် သိသာထင်ရှားသောပြဿနာမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းနေခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်မှု မြင့်မားနေခြင်းပင်ဖြစ်ပါသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းရခြင်း၏ အဓိကပြဿနာမှာ လက်နက်ကိုင်အဖွဲ့များ အမြင်ကျဉ်းမြောင်းခြင်းနှင့် ကိုယ်ကျိုးစီးပွား ရလိုမှုများခြင်း၊ မတော်လောဘနှင့် ကိုယ်ချင်းစာတရားနည်းပါးခြင်း၊ နယ်မြေဒေသဖွံ့ဖြိုးမှုကို အမှန်တကယ်လိုလားမှုမရှိခြင်း၊ ရိုးသားသော ဒေသခံတိုင်းရင်းသားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်လိုခြင်းနှင့် အမြော်အမြင်နည်းပါးစွာဖြင့် အကြမ်းဖက်လိုခြင်း စသည့် အကြောင်းများပေါ် အခြေခံနေပါသည်။

ထိုလိုလားချက်များသည်ပင် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် လက်နက်ကိုင်အဖွဲ့များက နက်ရှိုင်းစွာ ပါဝင်ပတ်သက်မှုရှိနေသည်ကို ဖမ်းဆီးရမိမှုများက သက်သေခံနေလျက်ရှိပါသည်။ ထို့အတူ လက်နက်ကိုင်အဖွဲ့အတွင်း ကိုယ်တိုင်မူးယစ်ဆေးဝါး သုံးစွဲမှုများကလည်း တစ်နေ့ထက်တစ်နေ့ မြင့်မားလာလျက် ရှိပါသည်။

### နိုင်ငံတော်အပေါ် ခြိမ်းခြောက်လာမှုများ

နိုင်ငံတစ်နိုင်ငံအတွင်း လူငယ်နှင့်လူလတ်ပိုင်းများ မူးယစ်ဆေးဝါး သုံးစွဲမှု မြင့်တက်လာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အဓိက ခြိမ်းခြောက်မှုဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲရာမှ နိုင်ငံအတွင်း ပညာရည်မြင့်မားသောလူဦးရေ နည်းပါးလာခြင်းနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူလတ်ပိုင်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေခြင်းကြောင့် စွမ်းရည်မြင့်မားသော ကုန်ထုတ်လုပ်သူစွမ်းအားစုများ လျော့နည်းလာစေခြင်းတို့ ဖြစ်ပေါ်လာပါသည်။ အနာဂတ်တွင် ပညာရည်မြင့်မားပြီး အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးလာခြင်းကပင် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံသားတို့၏ ကံကြမ္မာကို အဆုံးစွန်ထိ ဆွဲချသွားမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့၏ မိသားစုအတွင်း ဦးစွာကြုံတွေ့ရမည့်ပြဿနာမှာ စီးပွားရေးပြဿနာဖြစ်ပါသည်။ ပညာရည်နည်းပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေမှုနှင့် မိသားစုစီးပွားရေး အဆင်မပြေသူများအဖို့ မူးယစ်ဆေးဝါးသုံးစွဲလာမှုက မိသားစုအတွင်း ကြီးစွာသော စီးပွားရေးပြဿနာကို ပေါ်ပေါက်စေပါသည်။ မူးယစ်ဆေးစွဲသူအဆင့်သို့ ရောက်ရှိသွားပါက မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲနိုင်ရန်အတွက် လိုအပ်သောငွေများရရှိရန် မသမာသော နည်းလမ်းများဖြင့် ရှာဖွေရာမှ မှုခင်းများ ကျူးလွန်လာခြင်းနှင့် နောက်ဆက်တွဲ လူမှုရေးပြဿနာများ ကြီးထွားလာခဲ့ပါသည်။ ထို့အတူ မူးယစ်ဆေးဝါးသုံးစွဲရာမှ ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ ပြဿနာများက မိသားစုတစ်ခုလုံး၏ လူမှုစီးပွားဘဝကို အနိမ့်ဆုံး အခြေအနေသို့ ကျရောက်သွားစေလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ နှစ်စဉ်တိုးတက်လာလျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အမှုပေါင်း ၆၅၃၉ မှုမှ တရားခံ ၈၈၅၃ ဦး၊ တန်ဖိုးငွေကျပ် ၁၀၅၇ ဘီလီယံကျော်ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆ ဘီလီယံကျော်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ပထမလေးလပတ်အတွင်း အမှုပေါင်း ၁၈၂၅ မှုမှ တရားခံ ၂၅၃၅ ဦး၊ တန်ဖိုးငွေကျပ် ၃၅၆ ဘီလီယံကျော်တန်ဖိုးရှိသော မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိမှုများ တိုးမြင့်လာခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုနှင့်သုံးစွဲမှုများ နိုင်ငံအတွင်း မြင့်မားလာသည်ကို ဖော်ညွှန်းနေလျက်ရှိပါသည်။

### မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများ

မူးယစ်ဆေးဝါး ထုတ်လုပ်ရာနေရာများကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။ ယခင်က ဘိန်းစိုက်ပျိုးရာ ဒေသများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး အုပ်ချုပ်မှုအလှမ်းကွာဝေးသည့် တောင်ပေါ်ဒေသများ၌ဖြစ်ပြီး ရှမ်းပြည်နယ်သည် အဓိက ဘိန်းစိုက်ပျိုးရာဒေသတစ်ခုဖြစ်ခဲ့သည်။ အုပ်ချုပ်မှု အလှမ်းကွာဝေးသော တောင်ပေါ်ဒေသများသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရ လက်နက်ကိုင်အဖွဲ့များ ခိုအောင်းရာ၊ လွှမ်းမိုးရာဒေသများ ဖြစ်ပါသည်။

ပြောင်းလဲလာသော အခြေအနေများအရ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှုအပြင် လူလုပ်မူးယစ်ဆေးဝါးပြဿနာသည်လည်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သည့်နေရာများမှာ ယခင် ဘိန်းနှင့်ဘိန်းဖြူ စိုက်ပျိုးထုတ်လုပ်သည့် နယ်မြေများထက် ပိုမိုကျယ်ဝန်းလာပြီး ထိုနယ်မြေများသည်လည်း အုပ်ချုပ်မှု အလှမ်းကွာဝေးသော လက်နက်ကိုင်များ ကြီးစိုးရာနယ်မြေများဖြစ်ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် ဓာတုပစ္စည်းများဖြင့်သာ ချက်လုပ်ရသည်ဖြစ်ရာ လိုအပ်သည့်ဓာတုပစ္စည်းများကို တရားမဝင်မှောင်ခိုတင်သွင်းရာ၌ ပိုမိုလွယ်ကူသည့် နယ်စပ်ဒေသနယ်မြေများ၌ပါ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်လာသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ နယ်မြေများ ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရပါသည်။

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများသည် အခြားသော မည်သည့်စီးပွားရေးထက်မဆို အမြတ်အစွန်းများစွာရရှိသည်ဖြစ်ရာ လက်နက်ကိုင်သောင်းကျန်းသူများ၊ ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်သူများအတွက် ကျင်လည်ကျက်စားရာနေရာများ ဖြစ်လာပါသည်။ နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုကလည်း ပြဿနာ၏အဝန်းအဝိုင်းကို ပိုမိုကျယ်ပြန့်လာစေပါသည်။ နိုင်ငံတကာတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမျိုးရေးနှင့် ဝါဒရေးရာ ပဋိပက္ခများက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါးဈေးကွက်ပြောင်းလဲမှုကို ဖြစ်ပေါ်လာစေသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု (ဈေးကွက်)များ မြင့်တက်လာလျက်ရှိပါသည်။

### လက်နက်ကိုင်အဖွဲ့များပါဝင်ပတ်သက်မှု

လက်နက်ကိုင် သောင်းကျန်းသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများ ရေရှည်ရပ်တည်နိုင်ရေး အဓိကလိုအပ်ချက်မှာ လူအင်အားစုဆောင်းခြင်း၊ လိုအပ်သော စားရေရိက္ခာနှင့် လက်နက်ခဲယမ်းများ၊ စစ်ဘက်အသုံးအဆောင်များ ဝယ်ယူတပ်ဆင်ရန်ဖြစ်ပါသည်။ ထိုအချက်များကို ဖြည့်ဆည်းနိုင်ရန် လိုအပ်သော ဝင်ငွေရလမ်းများမှာ တရားမဝင်စီးပွားရေးလုပ်ငန်းများကို နယ်မြေအတွင်းဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများ တရားမဝင်ထုတ်လုပ်ခြင်း၊ စီးပွားရေးလမ်းကြောင်းများတွင် အခွန်ကောက်ခံခြင်း (ဆက်ကြေးကောက်ခြင်း)များသာဖြစ်ပြီး အဓိကဝင်ငွေရလမ်းမှာ အမြတ်အစွန်းများစွာရရှိသည့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်းပင်ဖြစ်ပါသည်။

ဝင်ငွေရလမ်းလွယ်ကူမှုနှင့် နယ်မြေလုံခြုံမှု အားနည်းခြင်းကြောင့် တားဆီးနှိမ်နင်းရေး တပ်/တပ်ဖွဲ့များ မရောက်ရှိနိုင်ခြင်းက မူးယစ်ဆေးဝါးချက်လုပ်သယ်ဆောင်မှုများ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေကို ဖန်တီးပေးရာရောက်စေပါသည်။ ထိုအချက်များကြောင့်ပင် လက်နက်ကိုင်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် မူးယစ်ဆေးဝါးချက်လုပ်မှုကို အမြောက်အမြား ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုက လက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးချက်လုပ်မှုအပေါ် ခွင့်ပြုပေးမှု၊ လက်နက်ကိုင်အဖွဲ့များက မူးယစ်ဆေးဝါးချက်လုပ်မှုကို အကာအကွယ်ပေးမှု၊ သယ်ဆောင်ရောင်းဝယ်မှုများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုများက အမြစ်တွယ်လာခဲ့ပြီဖြစ်ပါသည်။ မူးယစ်ဆေးဝါးချက်လုပ်ရန်အတွက် လိုအပ်သော ဓာတုပစ္စည်းများနှင့် ပစ္စည်းကိရိယာများ တရားမဝင် ဝင်ရောက်မှုကို အခကြေးငွေရယူပြီး ဆောင်ရွက်ပေးနေသကဲ့သို့ မူးယစ်ဆေးဝါးချက်လုပ်သူများအား ဝင်ရောက်ခွင့်ပေးခြင်း၊ အခကြေးငွေရယူပြီး နယ်မြေအတွင်း ချက်လုပ်ခွင့်ပေးခြင်းနှင့် သယ်ဆောင်ရောင်းဝယ်မှုပြုခြင်းကလည်း တစ်ဆက်တည်း ပေါ်ပေါက်လာခဲ့ပါသည်။

**အဆိုးကျော့ သံသရာ (၁)**




အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေများတွင် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းနည်းပါးနေပြီး ကျန်းမာရေးနှင့် စီးပွားရေးအခွင့်အလမ်းများလည်း ဆုံးရှုံးနေရလျက်ရှိပါသည်။ ပညာရည်နည်းပါးခြင်း၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ နည်းပါးနေခြင်းက ဒေသအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကို ဖြစ်ပေါ်စေပါသည်။ ဒေသခံများတွင် မူးယစ်ဆေးဝါး သုံးစွဲမှု များပြားလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်ပေးသူ သားကောင်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ခိုင်းစေမည့်သူ/ခိုင်းစေခံရသူနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် အသုံးချနိုင်မည့်သားကောင်များ များပြားလာမည်ဖြစ်ပါသည်။ အချို့သော မူးယစ်သားကောင်များမှာ ကိုယ်တိုင်သုံးစွဲခြင်းမှ လက်လီရောင်းချသူများ၊ သယ်ဆောင်သူများအဖြစ်ပါဝင်နေသည်ကို တွေ့ရပါသည်။

*စာမျက်နှာ ၁၁ သို့*

**❂ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အမှုပေါင်း ၆၅၃၉ မှုမှ တရားခံ ၈၈၅၃ ဦး၊ တန်ဖိုးငွေကျပ် ၁၀၅၇ ဘီလီယံကျော်ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆ ဘီလီယံကျော်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ပထမလေးလပတ်အတွင်း အမှုပေါင်း ၁၈၂၅ မှုမှ တရားခံ ၂၅၃၅ ဦး၊ တန်ဖိုးငွေကျပ် ၃၅၆ ဘီလီယံကျော်တန်ဖိုးရှိသော မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိမှုများ တိုးမြင့်လာခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှုများနိုင်ငံအတွင်း မြင့်မားလာသည်ကို ဖော်ညွှန်းနေလျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

မူးယစ်ဆေးဝါးပြစ်မှုကြောင့် ဖမ်းဆီးခံရသူများထဲတွင် ပညာရည်နည်းပါးသူ၊ ဘဝရပ်တည်ရေးအတွက် စီးပွားရေးအဆင်မပြေသူနှင့် မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးစွဲသူ အများစုဖြစ်နေသည်ကို စစ်ကြောချက်များအရ တွေ့ရှိရပါသည်။ ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွတ်မြောက်လာသူအများစုမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်သူများအဖြစ် ပြန်လည်အသုံးချခံနေရသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြစ်ဒဏ်ကျခံရခြင်း၊ ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာသော်လည်း မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ ပြန်လည်ကျရောက်သွားပြီး သုံးစွဲခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများမှ ပြစ်ဒဏ်ထပ်မံကျခံရခြင်းဖြင့် အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

**အဆိုးကျော့သံသရာ (၂)**




လက်နက်ကိုင်သောင်းကျန်းသူများ၏ လက်ရှိကာလဆောင်ရွက်နေမှုများကို ကြည့်လျှင် အင်အားချဲ့ထွင်ခြင်း၊ လက်နက်တပ်ဆင်ခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ တပ်/လုံခြုံရေးစခန်းများ၊ အစိုးရရုံးဌာနများကို တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာနေသော လမ်း/တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ သာသနာ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ သာသနိက အဆောက်အအုံများအား ဖျက်ဆီးခြင်း၊ ဝန်ထမ်းများအား ခြိမ်းခြောက် သတ်ဖြတ်ခြင်း၊ အငြိမ်းစားဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အုပ်ချုပ်ရေးယန္တရား၏ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအဆင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ ပြည်သူများအား သတ်ဖြတ်ခြင်း၊ စိုးမိုးထားရာနယ်မြေများအတွင်း အမည်အမျိုးမျိုးတပ်ကာ အခွန်(ဆက်ကြေး) ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။ အဆိုးရွားဆုံး ဖြစ်စဉ်များမှာ ပြည်သူများ၏ အသိပညာနှင့် အနာဂတ်ကို လမ်းပြပေးနေသော ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား ဖျက်ဆီးခြင်းနှင့် ပညာသင်ကြားနေသော လူငယ်လူရွယ်များအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်းများပင်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း သာမန်ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝကို အကြောက်တရားလွှမ်းမိုးနေစေရန်အတွက် ခရီးသွားပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးမြင့်မားစွာကောက်ခံခြင်း၊ ဒေသအတွင်းနေထိုင်သော မိသားစုဝင်များအား အတင်းအကျပ် လူသစ်စုဆောင်းခြင်း၊ ဥပဒေမဲ့ဖမ်းဆီး/ အပြစ်ပေးခြင်းများ ကြုံတွေ့နေရပြီး လူငယ်များ ပညာသင်ကြားခွင့်နှင့် ပြည်သူများ စားဝတ်နေရေးအတွက် စီးပွားရေးအခွင့်အလမ်းများ နည်းပါးစေရန် လုပ်ဆောင်နေလျက်ရှိပါသည်။ ပညာတတ်သူနည်းပါးခြင်း၊ မိသားစုစီးပွားရေး အဆင်မပြေခြင်းများ ဖြစ်ပွားလာရာမှ အနာဂတ်ပျောက်ဆုံးကာ မှုခင်း/ပြစ်မှုကျူးလွန်သူများပြားလာစေပြီး နောက်ဆုံးတွင် မူးယစ်ဆေးဝါးသားကောင်များ ပိုမိုများပြားလာစေရန် ဖြစ်ပါသည်။

ပြည်သူလူထုအတွင်း ပညာမတတ်သူ များပြားလာစေရန်နှင့် စီးပွားရေးအရ ချွတ်ခြုံကျစေရန် လုပ်ဆောင်ခြင်းအားဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် အင်အားစုဆောင်းမှု ပိုမိုလွယ်ကူစေခြင်း၊ မှုခင်းနှင့် ပြစ်မှုများ ထူပြောလာခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာခြင်း၊ တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များအား အကြောက်တရားများ ဖုံးလွှမ်းနေစေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ဖိအားပေးခြင်းများကို ဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွင်း အကြောက်တရားတိုးပွားလာခြင်းနှင့် အခြားနယ်မြေများတွင် ပြစ်မှု နှင့် ဒုစရိုက်မှုများစွာကို ဖြစ်ပေါ်စေခြင်းမှ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေလျက်ရှိပါသည်။

မူးယစ်ဆေးဝါး ချက်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ရာမှ ရရှိလာသော အကျိုးအမြတ်များဖြင့် နယ်မြေဒေသအတွင်း အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်သောင်းကျန်းမှုများကို တိုးမြှင့်လုပ်ကိုင်လာပြီး နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုများကို ပျက်ပြားစေလျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေခြင်းကလည်း မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို တိုးမြှင့်ဖြစ်ပေါ်စေခြင်းဖြင့် မူးယစ်ဆေးဝါး အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

**အဆိုးကျော့သံသရာ (၃)**




မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများသည် အခြားစီးပွားရေးလုပ်ငန်းများထက် အကျိုးအမြတ်များစွာ ရရှိစေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်ရာ နယ်မြေများသို့ ပြည်တွင်းဝိသမလောဘသမားများနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်မှုမှာလည်း မြင့်မားလာစေလျက်ရှိပါသည်။ လက်နက်ကိုင်သောင်းကျန်းသူနယ်မြေများတွင် ထုတ်လုပ်သော မူးယစ်ဆေးဝါးများအား ဝယ်ယူရာတွင် လက်နက်ကိုင်အဖွဲ့များက ကိုယ်တိုင်ပါဝင်ခြင်း၊ ပို့ဆောင်ပေးခြင်း၊ လက်နက်ကိုင်လုံခြုံရေးအစောင့်များဖြင့် လိုက်ပါပို့ဆောင်ပေးခြင်းနှင့် နယ်မြေဖြတ်ကျော် သယ်ဆောင်ရောင်းဝယ်မှုများအတွက် အခကြေးငွေရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးကုန်သွယ်ရာ၌ လမ်းခရီးတစ်လျှောက် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရာတွင် စီးပွားရေးအရ အဆင်မပြေသူများကို မက်လုံးပေးခြင်း၊ ရိုးသားစွာလုပ်ကိုင်နေသူများကို လိမ်လည်အသုံးချပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖမ်းဆီးရမိစစ်ကြောချက်များအရ သိရှိရပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးခံရပါက နောက်ကွယ်မှကြိုးကိုင်သူ အဓိကတရားခံများသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများဖြစ်သော အကြမ်းဖက်သောင်းကျန်းသူများ၏ နယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်ကာ ပုန်းခိုနေထိုင်ခြင်းဖြင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၏ ဖမ်းဆီးမှုများမှ လွတ်မြောက်နေလျက်ရှိပါသည်။

ဖမ်းဆီးခံရပြီးနောက် မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ပေးသူများ ပြောင်းလဲသွားသော်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသည့် အဓိကတရားခံများမှာ ယခင်ထွက်ပြေးတိမ်းရှောင်နေသူ လူနည်းစု ဖြစ်သည်ကို တွေ့ရပါသည်။ နောက်ကွယ်မှ အဓိကကြိုးကိုင်သည့်

**မူးယစ်ဆေးဝါးထုတ်လုပ်မှုက လက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေသဖြင့် မူးယစ်ဆေးဝါးချက်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးချက်လုပ်မှုအပေါ် ခွင့်ပြုပေးမှု၊ လက်နက်ကိုင်အဖွဲ့များက မူးယစ်ဆေးဝါးချက်လုပ်မှုကို အကာအကွယ်ပေးမှု၊ သယ်ဆောင်ရောင်းဝယ်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်မှုများက အမြစ်တွယ်လာခဲ့ပြီဖြစ်**

တရားခံများမှာ အကြမ်းဖက်သောင်းကျန်းသူများ၏ နယ်မြေအတွင်း ပုန်းခိုနေထိုင်ရင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို အခြားသူများဖြင့် ထပ်မံလုပ်ဆောင်လျက် ရှိပါသည်။ ဖမ်းဆီးခံရမှုများ ထပ်မံဖြစ်ပေါ်လာပါက မူလပုန်းခိုရာ အကြမ်းဖက်သောင်းကျန်းသူ နယ်မြေများအတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေမှုများက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

**အဆိုးကျော့သံသရာ (၄)**

လူငယ်ထုအတွင်း မူးယစ်ဆေးဝါးစတင်သုံးစွဲခြင်းတွင် အပေါင်းအသင်းများ၏ တိုက်တွန်းမှုကို ရှောင်ရှားနိုင်မှုမရှိခြင်းက စတင်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ခဏတာ ပျော်ရွှင်မှုကို ဖြစ်ပေါ်စေပြီး မူးယစ်ဆေးဝါး၏ အာနိသင်ပျက်ပြယ်သွားသည်နှင့် ပျော်ရွှင်မှုများမှာ ပျောက်ဆုံးသွားမည်ဖြစ်ပါသည်။ ခဏတာပျော်ရွှင်စေရခြင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဦးနှောက်အတွင်း ပျော်ရွှင်မှုကို ဖြစ်ပေါ်စေသည့် Dopamine ဟော်မုန်းများကို အဆမတန် ထုတ်လုပ်




ပေးခြင်းကြောင့် ဖြစ်ပါသည်။ မူးယစ်ဆေး အာနိသင်ပျက်ပြယ်သွားချိန်တွင် ဟော်မုန်းထုတ်လုပ်ပေးမှုများ သာမန်အခြေအနေသို့ပြန်လည်ရောက်ရှိသွားသော်လည်း ယခင်ပျော်ရွှင်စွာနေနိုင်သည့် အခြေအနေများတွင် ပျော်ရွှင်နိုင်ခြင်းမရှိတော့ဘဲ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ဖြစ်ပေါ်လာသည့် ပျော်ရွှင်မှုအခြေအနေမျိုး ရောက်ရှိပါမှသာ ပျော်ရွှင်သည်ဟု ခံစားလာရစေပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကြာလာသည်နှင့် ပုံမှန်ပမာဏဖြင့် သုံးစွဲရာမှဖြစ်ပေါ်လာသော ပျော်ရွှင်မှုများသည် လုံလောက်မှုမရှိတော့သဖြင့် မူးယစ်ဆေးဝါးသုံးစွဲသည့် အကြိမ်အရေအတွက်နှင့် သုံးစွဲသည့်ပမာဏများတိုးလာပြီး နောက်ဆုံးတွင် မူးယစ်ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိစေပါသည်။ မူးယစ်ဆေးဝါး စတင်သုံးစွဲစဉ်က မိမိကိုယ်ကို ထိန်းသိမ်းနိုင်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း စတင်သုံးစွဲမိရာမှ ထပ်မံသုံးစွဲလိုသည့်စိတ်များ ဖြစ်ပေါ်လာကာ သုံးစွဲမှုကို ရပ်တန့်နိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးတွင် ဆေးစွဲသည့်အဆင့်သို့ ရောက်ရှိသွားစေပါသည်။

ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်းတို့သည် စတင်တတ်မြောက်သွားချိန်မှ သေဆုံးချိန်အထိ မေ့ပျောက်သွားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို ပြန်လည်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဦးနှောက်အတွင်းမှတ်သားထားမှုသည် မည်သည့်အခြေအနေမျိုးတွင်မဆို ပျောက်ပျက်သွားခြင်းမရှိသကဲ့သို့ မူးယစ်ဆေးဝါး သုံးစွဲမှုသည် ဦးနှောက်အတွင်း စွဲထင်ကျန်ရစ်စေခဲ့ပါသည်။ ထို့ကြောင့်ပင် မူးယစ်ဆေးဝါး စတင်သုံးစွဲရာမှာ မူးယစ်ဆေးစွဲခြင်း၊ မူးယစ်ဆေးစွဲမှုကို ကုသခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုများ မည်မျှပင်ဆောင်ရွက်ခဲ့သော်လည်း ဆေးဖြတ်ပြီးသူအများစုသည် မူးယစ်ဆေးဝါးပြန်လည်သုံးစွဲမှုကို ဖြစ်ပေါ်စေပြီး သေဆုံးချိန်အထိ မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာကို ရှည်လျားစေလျက်ရှိပါသည်။

မူးယစ်ဆေးဝါး သုံးစွဲရာမှ စတင်ဖြစ်ပေါ်လာသော ပြဿနာရပ်များသည် လူတစ်ဦးချင်းထံမှ စတင်ခဲ့သော်လည်း မိသားစုအတွင်း မိသားစုဝင်များ၊ လူမှုအသိုက်အဝန်းမှ ဒေသအထိ၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်ထိပါ ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ဝိသမလောဘသမားများ၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ မီးလောင်ရာလေပင့် ဆောင်ရွက်ချက်များသည် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးကို ပျက်စီးခြင်း၊ ပျက်သုဉ်းခြင်းအဆင့်ထိသို့ပင် ရောက်ရှိသွားစေမည် ဖြစ်ပါသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှု အဆိုးကျော့သံသရာအား ဖြတ်တောက်သွားရမည် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ ဝိသမလောဘသမားများကို ချေမှုန်းနိုင်ပါမှသာ ပြည်သူတစ်ရပ်လုံး ခံစားနေရသည့် အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ ။

**"The evidence is clear: invest in prevention"**

**"Break the Cycle. #StopOrganizedCrime"**

# လျှော်ဘေးသင့်ပြည်သူများအတွက် ဆန် ၂၄ ပြည် အိတ် ၅၀၀ ပေးအပ်လှူဒါန်း



**နေပြည်တော် ဇွန် ၂၄**
လျှော်ဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဝန်းသိုကျောင်းတိုက်မှ ဆရာတော် ဦးကေတုမာလာနှင့် သံဃာတော်များက ဆန် ၂၄ ပြည်အိတ် ၃၀၀ နှင့် အောင်ဇေရန်အောင် ဆရာတော်ဦးဥတ္တမသီရိက ဆန် ၂၄ ပြည် အိတ် ၂၀၀ စုစုပေါင်း ဆန်အိတ် ၅၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)သို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး သက်ဆိုင်ရာ ဒါယကာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲတက်ရောက်

**စစ်တွေ ဇွန် ၂၄**
ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုဖွင့်လှစ်မည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစခန်းများမှ လူငယ်လူရွယ်များအား ရွေးချယ်၍ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်မှု၊ ပံ့ပိုးကူညီမှုတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသအတွင်း ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ခင်းကျင်းပြသထားမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ယခုဖွင့်လှစ်မည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ပြုလုပ်နည်းများကို သင်ကြားပေးသွားဖြစ်ပြီး ယာယီနေရပ်စွန့်ခွာစခန်းများမှ သင်တန်းသားသင်တန်း သူ ၄၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

## လျှော်ဘေးသင့်ဒေသ ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**
မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၂၄ ရက်အထိ သေဆုံးသူ ၃၇၆၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ သတင်းစဉ်

## ပန်းတနော်မြို့နယ်၌ ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်ဝတ်စုံစနစ်တကျဝတ်ဆင်ရေး အသိပညာပေး

**ပန်းတနော် ဇွန် ၂၄**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ပန်းတနော်မြို့နယ်မီးသတ်ဦးစီးဌာနမီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး၏ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေဇေအောင် နှင့် တပ်ဖွဲ့ဝင်တို့သည် ဇွန် ၂၄ ရက်က ပန်းတနော်မြို့ အလယ်ပိုင်းရပ်ကွက်ရှိ River View အနီးကမ်းနားဆိပ်၌ ပန်းတနော်မြစ်အတွင်း သွားလာပြေးဆွဲနေသော ရေယာဉ်များကို ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်ဝတ်စုံများ ဝတ်ဆင်ပုံနှင့် အသက်ကယ် ဘောကွင်းများ ပါရှိမှု ရှိမရှိကို လိုက်လံစစ်ဆေး အသိပညာပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၂၄**
နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** နှင့် **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** နှင့် **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ** တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ဦးဘရှိန် ခေါင်းဆောင်သည့် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

**ပြည် ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်ရှိ (ဇီးအုပ်) တောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ အကြောင်းနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် AI နည်းပညာ လက်တွေ့အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုဆွေးနွေးပြောကြားကာ သင်တန်းတွင် ကျွမ်းကျင်နည်းပြ ဆရာ ဆရာမများက စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍနှင့် စားသုံးသူရေးရာ ကဏ္ဍအစရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာရပ်များကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ စာတွေ့ / လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

### သတင်းထုတ်ပြန်ချက်အမှတ် (၇/ ၂၀၂၅)

ကမ္ဘာစစ်ကြီးများ၏ အနိဋ္ဌာရုံများကို ခံစားကြရပြီးနောက် စစ်ပွဲများ ထပ်မံမပေါ်ပေါက်စေရန်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ရေးဆွဲ၍ ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။ ယင်းပဋိညာဉ်စာတမ်းပါ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ပြေလည်ကျေအေးအောင် ဆောင်ရွက်ရန်ဟု ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင်လည်း လူမှုရေးတိုးတက်ရေးနှင့် လူ့ဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို မြှင့်တင်ရာတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၁၆ အရ နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအပေါ်အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ ဖြစ်ပေါ်လာမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ပဋိပက္ခအတွင်း ငြိမ်းချမ်းမှုမရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများသည် ဆင်းရဲနွမ်းပါးမှု တာရှည်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းများ ဖြစ်ပေါ်ပြီး လူသားဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးတို့ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးမှာ ခွဲခြား၍မရကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသည် ပဋိပက္ခများ လျော့နည်းပပျောက်စေရုံသာမက အပြန်အလှန်စာနာနားလည်မှု တည်ဆောက်ခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်နိုင်ခြင်း၊ မတူကွဲပြားမှုများကို လေးစားခြင်းနှင့် တရားဥပဒေအရ တန်းတူအခွင့်အရေးရရှိခြင်း စသည့်အခွင့်အရေးများ ရရှိခံစားရခြင်းပင်ဖြစ်ပါသည်။

Peace Forum 2025 တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံခြားသံတမန်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ ပါဝင်ကြကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါသည်။

Peace Forum 2025 သည် ပဋိပက္ခများ လျော့နည်းပပျောက်စေပြီး တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာသော အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

---

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ စနစ်တကျသိမ်းဆည်း၍ သက်ဆိုင်ရာစာစစ်ဌာနသို့ စနစ်တကျ ကြပ်မတ်ပို့ဆောင်ပေးနေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးမှ အဖြေလွှာများကို စနစ်တကျသိမ်းဆည်း၍ သက်ဆိုင်ရာစာစစ်ဌာနသို့ ပို့ဆောင်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးမှ အဖြေလွှာများကို သက်ဆိုင်ရာစာစစ်ဌာနသို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပို့ဆောင်မှုအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်၌ မန္တလေးလျှင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်မင်းကြီးမြတ်စွာဘုရား ဆင်းတုတော်ကြီး၊ ဘုရားပရိဝုဏ်အတွင်းရှိ ဆင်းတုတော်များနှင့် သာသနိကအဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့် ဘိလပ်မြေအိတ် ၅၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ လှူဒါန်းပေးအပ်သည်။

ထို့နောက် တောင်လေးလုံးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ ဩဝါဒများခံယူကာ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်သမန် မယ်ဇယ်လွင်ပြင်ရှိ ဈေးဆိုင်ခန်းများ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် တောင်သမန်အင်းဝန်းကျင်နေရာများသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးဝန်းကျင်နှင့် ကန်ပတ်လမ်းနေရာများသို့လည်းကောင်း သွားရောက်၍ အစဉ်အမြဲသန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

## နိုင်ငံ့အကျိုးပြု လေကြောင်းနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာလူငယ်ကောင်းများ စဉ်ဆက်မပြတ် ပျိုးထောင်ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန် ၂၁ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသားများအား ဗလငါးတန်နှင့် ပြည့်စုံရေး၊ ဆန်းစစ်လေ့လာ တွေးခေါ်မှု၊ ကျင့်ဝတ်လိုက်နာမှုနှင့် အင်ဂျင်နီယာအရည်အချင်းများ ပြည့်ဝစေရေးအတွက် ပျိုးထောင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် မန္တလေးလျှင်ကြီး ဒဏ်မခံရသော အဆောက်အအုံများနှင့် သာမန်အသေးစား ထိခိုက်မှုဖြစ်ပေါ်ခဲ့သော အဆောက်အအုံများကို ပြုပြင်၍ သင်တန်းများ ဖွင့်လှစ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ကျောင်းသားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမှန်တကယ်အားထားရသည့် လေကြောင်းနှင့်အာကာသဆိုင်ရာ အင်ဂျင်နီယာလူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Aerospace Research Laboratory သို့ ရောက်ရှိပြီး လေယာဉ်ဘေးဒဏ်သင့်လေကြောင်းနှင့် အာကာသဆိုင်ရာပစ္စည်းများ ရွှေ့ပြောင်းထိန်းသိမ်းထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## လပွတ္တာမြို့နယ်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြ

**လပွတ္တာ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ထွန်းတံတား၌ ယနေ့ ညနေ ၃ နာရီက မီးသတ်ဦးစီးဌာနမှ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြခြင်း အခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းသားများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ရွှေးမြစ်အတွင်း သွားလာပြေးဆွဲနေသည့် ခရီးသည်တင်ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားလာပါက အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးနည်းလမ်းများ၊ အရေးပေါ်ကုသရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြသရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နေတိုးအစည်းအဝေးတွင် ကာကွယ်ရေးအသုံးစရိတ်ကို ဂျီဒီပီ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် သဘောတူ

သည်ဟိတ် ဇွန် ၂၄

**နေတိုးအဖွဲ့၏ နှစ်စဉ်ထိပ်သီးအစည်းအဝေးကို နယ်သာလန်နိုင်ငံ သည်ဟိတ်တွင် ဇွန် ၂၄ ရက်က ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် သဘောတူခဲ့သည်။**




အမေရိကန်က အီရန်နိုင်ငံ၏ နျူကလီးယား အဆောက်အအုံများကို တိုက်ခိုက်ခဲ့သည့်အတွက် အရှေ့အလယ်ပိုင်း၌ တင်းမာမှုများမြင့်တက်နေချိန်တွင် အဆိုပါနှစ်ရက်ကြာ နေတိုးထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

နယ်သာလန်အစိုးရသည် F-35 တိုက်လေယာဉ်များနှင့် Patriot ဒုံးကျည်စနစ်များ အပါအဝင် ဘက်ပေါင်းစုံ ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ချထားခဲ့သည်။ ထိုသို့ချထားခြင်းက နေတိုးထိပ်သီးအစည်းအဝေးကျင်းပသည့်နေရာကို ဘေးကင်းစိတ်ချသည့်နေရာဖြစ်စေခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၃၅ ခုနှစ်မတိုင်မီ ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် နေတိုးအထွေထွေအတွင်းရေးမှူးချုပ် မာ့ခ်ရုတ်က ပဏာမဆွေးနွေးပွဲများတွင် အဆိုပြုခဲ့သည်။ အဆိုပါမျှော်မှန်းချက်တွင် ဂျီဒီပီ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းကို အဓိကကာကွယ်ရေးအသုံးစရိတ်များအတွက် သုံးစွဲပြီး အခြေခံအဆောက်အအုံ စီမံကိန်းကဲ့သို့သော ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း သုံးစွဲရန် ပါဝင်သည်။

ဥရောပအရှေ့ပိုင်းနိုင်ငံများသည် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ရေးကို သဘောတူထောက်ခံခဲ့သော်လည်း သဘောမတူသည့် အဖွဲ့ဝင်နိုင်ငံများလည်း အနည်းငယ်ရှိသေးသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် အီရန်နိုင်ငံအပေါ် အမေရိကန်၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် လည်း မျှော်လင့်ထားသည်။ ထိုသို့တိုက်ခိုက်ခြင်းကြောင့် အမေရိကန်သည် နိုင်ငံတကာ၏ ဝေဖန်ရှုတ်ချမှုများကို ခံခဲ့ရသည်။

**ဆင်ဟွာ**

# ဆိုက်ဘာရာဇဝတ်မှုများကို တန်ပြန်တိုက်ဖျက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုလိုအပ်

ပူထရာဂျာရာ ဇွန် ၂၄




ဆိုက်ဘာရာဇဝတ်မှု အန္တရာယ်များကို တန်ပြန်တိုက်ဖျက်ရန် အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်များအကြား ပိုမိုအားကောင်းသည့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ ဆိုက်ဘာရာဇဝတ်မှု အန္တရာယ်များသည် အလေးအနက် ကိုင်တွယ်ဖြေရှင်းရမည့် စိန်ခေါ်မှုဖြစ်ကြောင်း မလေးရှား ပြည်ထဲရေးဝန်ကြီး ဆိုင်ဖူဒင်နာ ဆူရှန်အစ္စမေးလ် (ယာပုံ) က ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ရာဇဝတ်ပြစ်မှု ကျူးလွန်သည့်ကွန်ရက်များသည် နည်းပညာကို လျင်မြန်စွာ အသုံးချနိုင်ခြင်းနှင့် ဆိုက်ဘာရာဇဝတ်မှု၏ ရှုပ်ထွေးသော သဘောသဘာဝများ တိုးတက် များပြားလာခြင်းတို့ကြောင့် ၎င်းတို့ကို အရေးတယူကိုင်တွယ်ဖြေရှင်းနိုင်ရန် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းသွားရန်လိုကြောင်း ဆိုင်ဖူဒင်က (၂၅) ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အကြီးတန်းအရာရှိများ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဆိုက်ဘာ ရာဇဝတ်မှု၏ ခြိမ်းခြောက်မှုများ မြင့်တက်လာခြင်း၊ ငွေကြေးလိမ်လည်မှုများမှသည် ransomware တိုက်ခိုက်မှုအထိ အရာအားလုံးသည် အနာဂတ်ပြဿနာ တစ်ခုမျှသာ မဟုတ်ကြောင်းနှင့် ၎င်းတို့သည် ယခုအချိန်တွင် အရေးကြီးသောပြဿနာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့၏ ဒစ်ဂျစ်တယ်ကာကွယ်ရေးများသည် နည်းပညာများကဲ့သို့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်သည်ဟု ဆိုင်ဖူဒင်က ထပ်မံပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွား

ဟနွိုင်း ဇွန် ၂၄

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်းပြည်နယ်များတွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူသုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဗီယက်နမ် သဘာဝဘေးနှင့် ဆည်မြောင်းစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇွန် ၂၄ ရက်တွင် ဖော်ပြသည်။

ရေကြီးနစ်မြုပ်မှုကြောင့် အိမ်ခြေ ၈၁၅ လုံး ပျက်စီးခဲ့ပြီး စပါးစိုက်ခင်းဟက်တာ ၁၉၇၀ ခန့် ရေလွှမ်းမိုးနစ်မြုပ်ခဲ့သည်။ ထို့အတူ တိရစ္ဆာန် ၃၉၀၀ ကျော်နှင့် ကြက်အကောင်ရေ ၁၇၀၀၀၀ နီးပါး သေဆုံးခဲ့သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မကြာသေးမီရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗီယက်နမ် မြောက်ပိုင်းပြည်နယ်များတွင် ဆိုးရွားသောမြေပြိုမှုများနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းအေဂျင်စီက ထပ်လောင်းဖော်ပြခဲ့သည်။

ဒေသဆိုင်ရာ အာဏာပိုင်များသည် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ယာဉ်လမ်းကြောင်းများလည်း လမ်းကြောင်းပြောင်းပေးခဲ့သည်။

**ဆင်ဟွာ**

# ဘရူနိုင်းနိုင်ငံ၌ စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုခြင်းနေ့ ကျင်းပ

**ဘန်ဒါဆီရီဘီဂါဝမ်** ဇွန် ၂၄

ဘရူနိုင်းနိုင်ငံတစ်ဝန်းတွင် ဇွန် ၂၂ ရက်က ဘရူနိုင်း စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုခြင်းနေ့အဖြစ် ကျင်းပခဲ့ပြီး စွန့်ပစ်စက္ကူပစ္စည်းများ၊ ဗီရိုအဟောင်းများနှင့် ပလတ်စတစ်ပုလင်းများ စသည့်စွန့်ပစ်ပစ္စည်း ကီလိုဂရမ် ၃၀၀၀ ကျော် စုဆောင်းကောက်ယူခဲ့ကြကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။




ပတ်ဝန်းကျင်၊ ဥယျာဉ်နှင့် အပန်းဖြေရေးဦးစီးဌာနက ကြီးမှူးကာ အသုံးပြုပြီး ဟင်းချက်ဆီ ၃၉၂ ဒသမ ၃ လီတာ၊ လစ်သီယမ်ဘက်ထရီ ၆၂ လုံး၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်း ၅၇၈ ခုနှင့် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်း ၉၂၉ ခုတို့ကိုလည်း စုဆောင်းကောက်ယူခဲ့ကြကြောင်း ဇွန် ၂၃ ရက်က ဘော်နီယိုဘူလက်တင် သတင်းစာတွင် ဖော်ပြထားသည်။

ထိုကဲ့သို့ အစပျိုးလုပ်ဆောင်မှုသည် ပြည်သူလူထုအတွင်း ပြန်လည် အသုံးပြုခြင်းဆိုင်ရာ အလေ့အကျင့်ကောင်း များကို နားလည်လက်ခံပြီး ပူးပေါင်းပါဝင်မှု မြင့်တက်လာစေရန် ဘရူနိုင်းအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံအတွင်းရရှိနိုင်သော ပြန်လည်အသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို မိတ်ဆက် ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံ၌ ဒရုန်းတိုက်ခိုက်မှုကြောင့် ရေဒါစနစ်များ ထိခိုက်ပျက်စီး

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်စစ်ဘက်နေရာများနှင့် အခြေစိုက်စခန်းများကို ဒရုန်းအများအပြားဖြင့် ဇွန် ၂၄ ရက်အစောပိုင်းက တိုက်ခိုက်ခြင်းခံခဲ့ရပြီး အခြေစိုက်စခန်းနှစ်ခုရှိ ရေဒါစနစ်များ ထိခိုက်ပျက်စီးမှုဖြစ်ပွားကြောင်း အီရတ်စစ်ဘက်က ပြောသည်။

အီရတ်စစ်ဦးစီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဆာဘားအယ်လ်နူမန်က ဘဂ္ဂဒက်မြို့မြောက်ဘက် ကမ့်တာဂျီနှင့် နိုင်ငံတောင်ပိုင်း ဒေကာပြည်နယ်ရှိ အီမန်အလီဘေ့စ်တို့တွင် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်နှင့် ၃ နာရီ ၄၅ မိနစ်ကြားတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ပြောသည်။

ထိုကဲ့သို့ တိုက်ခိုက်မှုကြောင့် အခြေစိုက်စခန်းနှစ်ခုရှိ ရေဒါစနစ်များ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သော်လည်း လူထိခိုက်သေဆုံးမှု မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရတ်စစ်ဘက်က အခြားနေရာလေးခု၌ ထပ်မံတိုက်ခိုက်လာသည့် ဒရုန်းများကို ပစ်မှတ်များမရောက်မီ ကြားဖြတ်ပစ်ချ ဟန့်တားနိုင်ခဲ့ကြောင်း ပြောသည်။

**ဆင်ဟွာ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်တို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ အပြီးသတ် ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော် ရင်ပြင်တိုးချဲ့ရန်အတွက် မြေသားခိုင်မာမှု စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်လုံးပတ် ပြန်လည်ပြုပြင် တည်ဆောက်နေမှု အခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင် တည်ဆောက်နေမှု အခြေအနေများ၊ ရွှေဟင်္သာတိုက်သစ်၊ နဝလောဟာကျောင်းတိုက်နှင့် အနောက်စကြံ့ကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လုပ်အားပေး ဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများနှင့် လူနေအဆောက်အအုံများအား စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများနှင့် ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်တည်ဆောက်ရန်အတွက် လျာထား မြေလွတ်နေရာအား အပြီးသတ် ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများ၊ စစ်ကိုင်းမြို့ အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ အနောက်စကြံ့ကျောင်းတိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ငါးစိုတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံအပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖယ်ရှားရှင်းလင်းရာတွင် ပြန်လည်တွေ့ရှိသော ရှေးဟောင်းဌာပနာ ပစ္စည်းများအားကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်- (၁) ရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် အလည်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ် အဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ငါးစိုတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “TRUE” TikTok အကောင့်နှင့် “SAI YE AUNG” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ရဲအောင်အား ည ၉ နာရီ မိနစ် ၅၀ တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

၂၀၂၅ ခုနှစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုရရှိသော ပဲခူးတပ်နယ်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၂၄** – မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန် ၂၀ ရက်အထိ လူကုန်ကူးမှု ၈၀ အရေးယူနိုင်ခဲ့

နေပြည်တော် ဇွန် ၂၄

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သောလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။**



ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအား နိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည်အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကို ဖော်ထုတ်ရရှိနေကြောင်း၊ မြန်မာနိုင်ငံထဲအထိ လက်ထပ်ရန် လာရောက်စည်းရုံးခဲ့သည့် ဖြစ်စဉ်များမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ၁၄ မှု ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်အတွင်း အွန်လိုင်းမှတစ်ဆင့် လိင်ပိုင်းဆိုင်ရာ ထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း။

ကျူးလွန်သူများ အနေဖြင့် အွန်လိုင်းမှတစ်ဆင့် မက်လုံးပေး လိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှု ကျူးလွန်ခြင်းခံနေရသည်ကို တွေ့ရှိရကြောင်း၊ ကျူးလွန်သူများသည် တိုးတက်လာသည့်နည်းပညာများကိုအခြေခံပြီး ကျူးလွန်ပုံများမှာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာ တားဆီးထိန်းချုပ်သွားရန် နည်းလမ်းများကို ဖော်ထုတ်သွားကြရန်လိုကြောင်း။

၂၀၂၄ ခုနှစ်အတွင်း လူကုန်ကူးမှုဖြင့် ၅၃ မှု အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဦးတည်နိုင်ငံများမှာ တရုတ်သို့ ၃၄ မှု၊ လာအိုသို့ တစ်မှု၊ ကမ္ဘောဒီးယားသို့ တစ်မှုနှင့် ပြည်တွင်း ၁၇ မှု ဖြစ်ပွားခဲ့ကြောင်း၊ အမှုအမျိုးအစားများမှာ အဓမ္မလက်ထပ်စေခြင်း ၃၅ မှု၊ ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း ကိုးမှု၊ အဓမ္မအလုပ်ခိုင်းစေခြင်း တစ်မှု၊ ကိုယ်ဝန်အငှားဆောင်စေခြင်း တစ်မှုနှင့် အခြားနည်းလမ်းများဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း တစ်မှုတို့ ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇွန် ၂၀ ရက်အထိ လူကုန်ကူးမှု ၈၀ အရေးယူနိုင်ခဲ့သောကြောင့် ယခင်နှစ်ထက် လူကုန်ကူးမှုများကို တိုးမြှင့်ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်အတွင်း ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် ၂၁၈ မှုနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဇွန် ၂၀ ရက်အထိ ၄၂ မှုတို့ အရေးယူ ဆောင်ရွက်ခဲ့ရာ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နယ်စပ်ဝင်ပေါက်ထွက်ပေါက်များမှ တရားမဝင်သွားမည့်သူများအား တားဆီး အသိပညာပေး ဆောင်ရွက်ပြီး နေရပ်ဒေသသို့ ပြန်လည်စေလွှတ်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ၄၃၃၇ ဦးနှင့် ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်အထိ ၄၇၇ ဦးတို့အား အသိပညာပေး တားဆီးပြန်လွှတ်နိုင်ခဲ့ပါကြောင်း။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သော ဟန့်တားမှုဖြစ်သည့်အတွက် လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Bill-board နှင့် ပိုစတာများ စိုက်ထူခြင်း၊ Talk Show များ ပြုလုပ်ခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် အသိပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသခြင်း၊ အော်ပရေတာများမှ တစ်ဆင့် SMS များ ပေးပို့ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် အရေးပေါ်တိုင်ကြားနိုင်သည့် Hot Line ဖုန်းများ ထူထောင်ပြီး သတင်းများလက်ခံကာ အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီမှ အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးခဲ့ကြပြီး အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ဆန်းက ခြုံငုံသုံးသပ်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများ၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးချပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၈ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၂၁ ဦး၊ နီပေါနိုင်ငံသား ခုနစ်ဦး၊ စုစုပေါင်း ၂၈ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Embassy Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၃ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ဆီတဲလ်ဆောင်းဒါးစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သုံးပွဲကစားပြီး သုံးပွဲစလုံးရှုံးနိမ့်ကာ ရမှတ်စုဆောင်းနိုင်ခြင်းမရှိဘဲ အုပ်စုအဆင့်ဖြင့် ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၅ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ကဗီချာနှင့် ဟာကီမီတို့က သွင်းယူပေးခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သုံးပွဲကစားပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံး ရလဒ်ဖြင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် မက်ဆီ၏ အင်တာမိုင်ယာမီအသင်းနှင့် ဇွန် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ဘိုတာဖိုဂိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး အင်တာမိုင်ယာမီနှင့် ပါးမီးယပ်စ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ပေါ်တိုနှင့် အယ်အာလီအသင်းပွဲစဉ်တွင်လည်း တစ်ဖက် လေးဂိုးစီ သရေကျခဲ့သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၃) ယှဉ်ပြိုင်ကစားအပြီးတွင် အုပ်စု (က) မှ ပါးမီးယပ်စ်နှင့် အင်တာမိုင်ယာမီအသင်းတို့ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ပြီး အုပ်စု (ခ) မှ ပီအက်စ်ဂျီနှင့် ဘိုတာဖိုဂိုအသင်းတို့ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာ၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ



**မော်လမြိုင်ကျွန်း ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာ၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ၁၁ နာရီက မယ်တလိုင်းကျေးရွာ လယ်မြေ၌ကျင်းပသည်။

ထို့နောက် မယ်တလိုင်းကျေးရွာ၊ ကွင်းအကွက် အမှတ် (၁၂၂၅)၊ ဦးပိုင်အမှတ် (၂၉) တောင်သူ ဦးလှဝင်းထွန်း၏ လယ်မြေ နှစ်ဧကတွင် ပေါ်ဆန်ရင်း စပါးကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရန်စီစဉ်ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# မြို့မဈေးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာစည်းဝေး

**မိုင်းရှူး ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ မြို့မဈေးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) ရပ်ကွက် သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ဈေးသမ ဥက္ကဋ္ဌ ဦးဝင်းဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းစဉ်များဆိုင်ရာ အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝတ်ရည်နှင်းနှင့် အသင်းစုဥက္ကဋ္ဌဦးအောင်မြင့်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့မဈေးသမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရာ သဘာပတိက အဆိုပါရှင်းတမ်းကို အတည်ပြုခဲ့သည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေကျပ် ဖြစ၅ သိန်းရှိပြီး စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေကို တာဝန်ရှိသူများက အသင်းသား ၂၇၄ ဦးထံ ပေးအပ်သည်။

**သန်းလှ(ပြန်/ဆက်)**

# မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ Cool Skill အသိပညာပေး Talk Show ဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် ဇွန် ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အအေးပေးနည်းပညာ ကျွမ်းကျင်မှုမြှင့်တင်ရေး အလေးထားဆောင်ရွက်ပေး “Cool Skill” အသိပညာပေး Talk Show ကို ယနေ့မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေး Talk Show ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံ၊ အအေးပေးပစ္စည်းများအကြောင်း၊ အအေးပေးပစ္စည်းများ၏ အသုံးဝင်ပုံများ၊ မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော အအေးပေးပစ္စည်းများအကြောင်း၊ အအေးပေးပစ္စည်းများအနေဖြင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ၊ အအေးပေးပစ္စည်းများ အသုံးပြုရာတွင် သတိပြုရမည့်အချက်တို့ကို ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**




# ထန်းတပင်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အားကစားခန်းမအနီး၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးသွားမည့် ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများထံသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းကပေးအပ်ပြီး တက်ရောက်လာသူများက ကျွန်း တစ်ပင်၊ ကံ့ကော် တစ်ပင်၊ မယ်ဇယ် တစ်ပင်၊ ခရေ တစ်ပင်၊ ပျဉ်းကတိုး ၂၀၀၊ မဟော်ဂနီ ၅၀၊ မန်ကျည်းရှား ၃၀၀၊ ပျဉ်းမပင် ၃၆၄ ပင် စုစုပေါင်း သစ်မျိုး ရှစ်မျိုး၊ အပင်ပေါင်း ၉၁၈ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**



# အင်္ဂပူမြို့နယ်၌ အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေး

**အင်္ဂပူ ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနရုံး၌ ယမန်နေ့ နံနက်ပိုင်းက အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ အင်္ဂပူမြို့နယ်အခွန်ဦးစီးဌာန အခွန်ဦးစီးဌာနမှူး ဦးတင်မိုးလွင်က အခွန်ဆိုင်ရာတည်ဆဲဥပဒေများ၊ အခွန်အမျိုးအစားနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# ချမ်းမြသာစည်မြို့နယ်၌ အခွန်ပညာပေးရှင်းလင်းပွဲကျင်းပ

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ SWALLOW HOTEL ခန်းမ၌ ယမန်နေ့က အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဦးက လက်ရှိကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် ပြေစာ/ဘောက်ချာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချရသော လုပ်ငန်းများအပေါ် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောဆွေးနွေးပြီး ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အောင်ဘောရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဘောဂလမ်းရှိ စေတနာသမ္မာရတ်အသင်းဓမ္မာရုံ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးညွန့်အောင်က အမှာစကားပြောကြားစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ကျိုက်ထိုမြို့အနီး ရန်ကုန်- မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေး ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဇွန် ၂၄**

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်နှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲ ဖြစ်ပေါ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုမြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ အင်္ဂပိုကျေးရွာအနီး ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးအားလည်းကောင်း၊ အဆိုပါ ပြည်ထောင်စုလမ်း၏ မိုင်တိုင်အမှတ် (၉၄/၇)အနီး တံတားအမှတ် (၃/၉၅)နေရာရှိ တံတားအောက်ခြေတွင် ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခုနစ်လုံးနှင့် မိုင်တိုင်အမှတ်(၉၄/၃) နေရာ၌ ငါးဂါလန်ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးတို့အားလည်းကောင်း စုစုပေါင်း ဒေသန္တရလက်လုပ်မိုင်း ၁၁ လုံးတို့အား ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ပြည်သူများ ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် မိုင်းထောင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို မကြာခဏ လုပ်ဆောင်လျက်ရှိရာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေမှုအပေါ် ပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျိုက်ထိုမြို့နယ်အတွင်း အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများတွေ့ရှိရသည့် ဖြစ်စဉ်နေရာပြပုံ။











PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

# မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်

**နေပြည်တော် ဇွန် ၂၄**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် ည ၉ နာရီခွဲတွင် မြစ်ကြီးနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြေမြင့်ရပ်ကွက်နေ ဇော်ဆိုင်းအောင် (၃၄)နှစ် မောင်းနှင်လာသည့် YGN-25 3L/---- TOYOTA KLUGER အဖြူရောင်မော်တော်ယာဉ်နှင့် အေးစေတီရပ်ကွက်နေ သော်ဇင်ဟိန်း(၄၃)နှစ် မောင်းနှင်လာသည့် KCN-16 7N/---- HONDA FIT အဖြူရောင်မော်တော်ယာဉ်တို့အား လည်းကောင်း။

ထို့အတူ ဇွန် ၂၂ ရက် ည ၁၀ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ရွာသစ်ကုန်းကျေးရွာနေသူများဖြစ်သည့် အောင်ဖြိုး(၃၂)နှစ် မောင်းနှင်လာသည့် MDY-17 7J/---- PAJERO မော်တော်ယာဉ်နှင့် နေအံ့ခိုင်(၄၃)နှစ် မောင်းနှင်လာသည့် MDY-15 9N/---- PAJERO မော်တော်ယာဉ်တို့အား လည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်ဆိုင်းအောင်၊ သော်ဇင်ဟိန်း၊ အောင်ဖြိုးနှင့် နေအံ့ခိုင်တို့ လေးဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**






မြစ်ကြီးနားမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ ဖမ်းဆီးအရေးယူထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး၏ မှတ်တမ်းဓာတ်ပုံများ။

# သန်လျင်ခရိုင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**



သန်လျင်ခရိုင် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီတွင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စုရှိ ဇာမဏီအင်းရေလှောင်တမံအနီး၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟာစနစ်ထိန်းသိမ်းရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သန်လျင်ခရိုင်အတွင်း မြို့နယ်အသီးသီး၌လည်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ စဉ်ဆက်မပြတ်ကျင်းပသွားရန် လိုကြောင်း၊ စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ကြီးထွားရန် ဝိုင်းဝန်းစောင့်ရှောက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးက သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

ယနေ့ သန်လျင်ခရိုင် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ပျဉ်းမ၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျည်းပင်... မန်ဂျန်ရှား စုစုပေါင်း ပျိုးပင် ၁၀၁၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် နပန်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ်မှ ပြိုင်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းရှိ နပန်းအားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပရာ



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်၊ မြန်မာနိုင်ငံနပန်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်း၊ ရန်ကုန်တိုင်း နပန်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးအာကာလွင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် နပန်း အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး နပန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်ခဲ့သည်။(ဝဲပုံ)

**အောင်နိုင်ဝင်း(အား/ကာ)**

## ပဲခူးခရိုင်၌ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများ၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး

**ပဲခူး ဇွန် ၂၄**

ပဲခူးမြို့ပေါ်ရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများနှင့် လူစည်ကားရာဈေးများ၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲများကိုပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၁၆ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့သည်။

အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြပွဲတွင် ပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေသူအောင်ဦးဆောင်သောအဖွဲ့က ဇွန် ၂၄ ရက်တွင် တိုင်းတရားလွှတ်တော်ရုံး၊ ခရိုင်ဥပဒေရုံးများ၌ အမှိုက်ခြောက်၊ အမှိုက်စို၊ ဘေးအန္တရာယ်ရှိအမှိုက်နှင့် ပလတ်စတစ်အမှိုက်



များကို ခွဲခြားစွန့်ပစ်စေရေး ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဈေးသူ ဈေးသားများက လက်တွေ့သရုပ်ပြသကြသည်။ **ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်မှု အသိပညာပေး

**သာယာဝတီ ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ



မြို့နယ်တွင် အမှိုက်ခွဲခြားစွန့်ပစ်မှု အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို အထက (၁) သာယာဝတီကျောင်းနှင့် အထက သုံးဆယ်ကျောင်းတို့တွင် ဇွန် ၂၄ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သာယာဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှိုက်အမျိုးအစားလေးမျိုးဖြစ်သည့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသော အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရေး သရုပ်ပြ ဆွေးနွေးဟောပြောသည်။ **ခရိုင်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၄**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ယနေ့နံနက်ပိုင်းက ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာသည့် ဗီနိုင်းများ ချိတ်ဆွဲထားရှိမှုတို့ကို ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ထွန်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်ပြီး "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



## တာမွေမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများအား ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၄**

အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်ကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးသည်။(အောက်ပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မိုးမိုးနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်တို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ တာမွေမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ" ဟူသော ကြေညာချက် ဗီနိုင်းကိုပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**



## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇွန် ၂၄**

ဇွန် ၂၄ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၄၂ မိနစ် ၂၇ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၅၃၇မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region) မြောက်လတ္တီတွဒ် ၉ ဒသမ ၃၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍အင်အားရစ်(ခ်)တာ စကေး ၅ ဒသမ ၀ အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အသိပေးကြေညာခြင်း

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် မော်တော်ယာဉ်များအား လစဉ်အရစ်ကျ ငွေပေးချေသောစနစ်ဖြင့် ဝယ်ယူပေးခြင်းဖြစ်သော အငှားဝယ်ချေးငွေစနစ် ( Hire Purchase System) လုပ်ငန်းအား ဆောင်ရွက်ခဲ့ရာတွင် ဆန္ဒဘုန်းပြည့်မိသားစုကုမ္ပဏီလီမိတက် (ခ) ဆန္ဒဘုန်းပြည့်မြန်မာဂရုအော့ဖ်ကုမ္ပဏီလီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါ အငှားဝယ်ယူသူများသည် မော်တော်ယာဉ်များအတွက် အငှားဝယ်ချေးငွေများကို ဘဏ်သို့အပြေအကြေ ပြန်လည်ပေးဆပ်ခြင်းမရှိပါသဖြင့် သက်ဆိုင်ရာတရားရုံးအသီးသီးတွင် အငှားဝယ်ယူသူများနှင့် အခွင့်ရဆက်သွယ်သူကုမ္ပဏီအား ဥပဒေနှင့်အညီ တရားစွဲဆိုထားရှိပြီး ဖြစ်ပါသည်။

အဆိုပါ မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် ယာဉ်မှတ်ပုံတင်စာအုပ် (Owner Book)မူရင်းများသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အာမခံအဖြစ်ထားရှိသောကြောင့် အငှားဝယ်ချေးငွေများ ဘဏ်သို့ ပြေကြေစွာပေးဆပ်ခြင်းမရှိမီအထိ မော်တော်ယာဉ်များသည် ဘဏ်၏ ပိုင်ဆိုင်မှုပစ္စည်းအဖြစ် ဆက်လက်တည်ရှိလျက်ရှိပါသောကြောင့် အငှားဝယ်ချေးငွေရယူပြီး မော်တော်ယာဉ်လက်ဝယ်ရှိသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် မော်တော်ယာဉ်လက်ဝယ်ရှိသူများအနေဖြင့် မိမိတို့လက်ဝယ်ရှိ မော်တော်ယာဉ်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုခိုင်မာစေရေးဘဏ်နှင့် အမြန်ဆုံးဆက်သွယ်ပါရန် အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | ယာဉ်အမျိုးအစား | ယာဉ်နံပါတ် | စဉ် | အမည် | ယာဉ်အမျိုးအစား | ယာဉ်နံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မျိုးဝင်း | NISSAN TIIDA LATIO | BB/8084 | ၂၄ | ဒေါ်မိုးဝေမြင့် | HYUNDAI PORTER PICK UP | 4M/4296 |
| ၂ | ဦးဇော်ဟိန်း | MITSUBISHI FUSO | 9B/1207 | ၂၅ | ဦးကောင်းထက်ဖြိုး | YUTONG BUS | 4M/8049 |
| ၃ | ဒေါ်အမာတင် | KING LONG BUS | 5E/4161 | ၂၆ | ဒေါ်ဖြိုးသစ္စာဝင်း | SCANIA TRACTOR HEAD | 4M/8160 |
| ၄ | ဦးတီတာ | YUTONG BUS | 5E/6674 | ၂၇ | ဦးအောင်ဇော်ထက် | YUTONG BUS | 5M/7448 |
| ၅ | ဦးအောင်သူ | HINO BUS | 5F/3847 | ၂၈ | ဦးထွန်းအောင်ကျော် | YUTONG BUS | 6M/6069 |
| ၆ | ဦးကျော်ရဲနိုင် | SINO DUMP TRUCK | 1G/9623 | ၂၉ | ဦးထွန်းမောင်မောင်ဦး | KIA BUS | 7M/6853 |
| ၇ | ဦးလှဝင်း | HYUNDAI BUS | 3I/6229 | ၃၀ | ဦးရဲထွန်း | YUTONG BUS | 9M/9835 |
| ၈ | ဒေါ်ခိုင်မာစိုး | YADANAR TUN BUS | 8I/8764 | ၃၁ | ဦးထွန်းထွန်းလွင် | HIGER BUS | 1N/5273 |
| ၉ | ဒေါ်အိုအေစစ် | SHWE THWAY BUS | 8I/9872 | ၃၂ | ဦးသက်အောင်ဇော် | DAIHATSU HIJET PICKUP | 2N/2977 |
| ၁၀ | ဦးထွန်းထွန်းအေး | VOLVO STATION WAGO | 9I/9939 | ၃၃ | ဦးနိုင်ဇင်ဦး | HONDA INSIGHT | 4N/2656 |
| ၁၁ | ဒေါ်ခင်စောငြိမ်း | CHEVROLET COLOREDO | 3J/3830 | ၃၄ | ဦးထက်မြတ်ခန့်ဝင်း | MAN TRACTOR HEAD | 5N/6907 |
| ၁၂ | ဒေါ်ခင်သီတာအောင် | HYUNDAI STATEX MINI BUS | 5J/3796 | ၃၅ | ဒေါ်ခင်သက်ထား | YUTONG BUS | 6N/6913 |
| ၁၃ | ဒေါ်ချိုချိုမာ | FUSO PANDER EXPRESS | 8J/4102 | ၃၆ | ဦးသန်းဇော် | YUTONG BUS | 6N/8852 |
| ၁၄ | ဦးမင်းသူ | NI DI BUS | 8J/5785 | ၃၇ | ဦးသိန်းသန်းကျော် | HIGER MINI BUS | 6N/8865 |
| ၁၅ | ဦးအင်ဂွမ် | GABAR THIT BUS | 8J/6418 | ၃၈ | ဦးဝင်းကိုကို | MAN TRACTOR HEAD | 7N/1876 |
| ၁၆ | ဦးဇော်ဝင်းထွေး | HYUNDAI STATEX MINI BUS | 5K/1182 | ၃၉ | ဦးအောင်မင်းသိန်း | MAN TRACTOR HEAD | 7N/9918 |
| ၁၇ | ဦးတင်မျိုးနိုင် | HINO BUS | 5K/1579 | ၄၀ | ဦးသက်နိုင်အောင် | YUTONG BUS | 6N/2497 |
| ၁၈ | ဦးကျော်စွာလင်း | DONG FENG TRACTOR HEAD | 6K/4246 | ၄၁ | ဦးဝင်းဖြိုး | MAN TRACTIOR HEAD | 9N/2997 |
| ၁၉ | ဦးသိန်းမြင့် | KIA BONGO PICK UP | 5L/5735 | ၄၂ | ဦးကျော်စိုးထွေး | KINGLONG BUS | 9N/8735 |
| ၂၀ | ဦးပြည့်ဖြိုးဦး | TOYOTA LANDCRUISER | 6L/8881 | ၄၃ | ဦးအောင်မျိုးဇော် | DAEWOO BUS | 9N/9077 |
| ၂၁ | ဦးမိုးကျော်အောင် | GUILIN DAEWOO | 9L/2270 | ၄၄ | ဦးအောင်ကိုလတ် | YUTONG BUS | 1P/2328 |
| ၂၂ | ဦးပေါ်စ | FORLAND DUMP TRUCK | 9L/9855 | ၄၅ | ဦးမောင်ညွန့် | KING LONG BUS | 1P/6132 |
| ၂၃ | ဦးမောင်မောင်ဦး | KIA BUS | 2M/3884 | ၄၆ | ဒေါ်အေးအေးအောင် | YUTONG BUS | 1P/6803 |

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**အမှတ်(A-09)၊ သီရိကျော်စွာလမ်း၊ သီရိရတနာအဆင့်မြင့်ဈေး၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**အသေးစိတ်သိရှိလိုပါက - ၀၆၇-၄၂၂၆၉၉ ၊**
**၀၆၇ - ၄၂၂၅၈၁ ၊ ၀၆၇ - ၄၂၇၇၈၁ ၊ ၀၆၇ - ၂၄၃၀၉**

# ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ် (မ-၅၉)၊ ဦးပိုင်အမှတ်(၄၁)၊ ၃၇x၃၈ကြား၊ ၅၈x၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းအေးမြ ၈/မထန(နိုင်) ၀၀၈၇၃၂က အမှုတွဲအမှတ်(၀၇၁၇/၂၀၂၅-၂၀၂၆)သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် တ-၄၊ ဦးပိုင်အမှတ် ၆၆/၆၂လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဗိုလ်မှူးမင်းညို အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်သိမ့်သိမ့်ဝင်းက တရားပြိုင် ဦးမင်းညို၊ ဦးမောင်မောင်လွင်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၄၁၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သိမ့်သိမ့်ဝင်း ၉/မခန(နိုင်)၁၄၈၂၅၂ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃/သီဟသူ၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀.၁၁၀)ကေအား ဒေါ်ပိုး(ဘ)ဦးဆောင် ၉/တသန(နိုင်)၀၆၈၃၁၃မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၉၆/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ(၀.၀၇၃)ကေအား ဒေါ်ကြည်ကြည်မာ(ဘ)ဦးဖိုးမာ ၉/တကန(နိုင်)၀၀၀၀၈၃(ပါ) ၃ဦး (ဒေါ်ကြည်ကြည်မာ၊ ဒေါ်ရီရီမာ၊ ဒေါ်လင်းလင်းဆွေ)တို့မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၄၆၁/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် င-၄၊ ဦးပိုင်အမှတ် ၈-ခ/၆၄X ၆၅ကြား၊ ငကျွဲလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဂေါ်လံချိန်(ခ)ကျော်ဝင်း ၉/မရတ(နိုင်) ၁၀၅၇၂၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၉၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမွန်းဝါ ၁၃/လရန(နိုင်) ၁၂၅၃၅၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၃၊ ဦးပိုင်အမှတ် ၃၀၊ ၇၁x၇၂ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်ထင်ရတီဦး ၉/အမဇ(နိုင်) ၀၈၉၁၇၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကို၃ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## မြိတ်ခရိုင်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း **နှင့်** ဦးကျော်ဌေး
ကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စား အထွေထွေမန်နေဂျာ
ဦးဝင်းသိန်း)
**(တရားနိုင်)** **(တရားရှုံး)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၃၉)နေသူ ဦးကျော်ဌေး (ယခုနေ ရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်(၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ ရွှေမုဋ္ဌောအကွက်၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ(၁.၄၃၂)ကေ ရှိမြို့မြေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းမန်နေဂျာရုံး၊ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့(ဖ်)၊ မိုဘိုင်းစက်မှု အဆောက်အအုံ၊ Own Shop၊ ဝန်ထမ်းအိမ်ရာမြေအဖြစ် အသုံးပြုရန်အတွက် မြေပေးမိန့်ခွင့်ပြုပေးပါရန် လျှောက်ထားလာချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြောငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်ကိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဈေးလမ်းနေ ကျွန်တော် ဦးကျော်၅/မရန(နိုင်)၀၆၂၅၆၃ က အများသိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်တော်သည် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ နန္ဒဝန်အိမ်ရာစီမံကိန်းရှိ တိုက်အမှတ် (၁၀)၊ အခန်းအမှတ်(D-1 မှ D-6)အထိ တိုက်ခန်း ၆-ခန်းကို မန္တလေးမြို့၊ ၈-၄/၄၄ မဟာမြိုင် (၁)နေ ဦးမိုးထွန်း ၉/ပမန(နိုင်) ၁၃၃၄၇၈ထံမှ အရောင်းအဝယ်စာချုပ် ပြုလုပ်ပြီးတိုက်ခန်းများ၏ ပိုင်ဆိုင်မှုစာအုပ်နှင့် စာရွက်စာတမ်းများကို လက်ရောက်ရယူထားသူ ဖြစ်ပါသည်။ ယခုအခါ ထိုစာရွက်စာတမ်းများမှာ ကျွန်တော် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ယင်းသို့ မဆောင်ရွက်မီ အဆိုပါ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို လက်ဝယ်ရရှိထားသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်တော် ဦးကျော်ထံသို့ ရိုးသားစွာ ပြန်လည်ဆက်သွယ်ပေးပို့ ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော် ၅/မရန(နိုင်) ၀၆၂၅၆၃**
**ဖုန်း-၀၉-၂၅၄၂၉၃၄၂၀**

# သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်နေ ဦးမြင့်စိုး ၁၄/ပသန(နိုင်)၀၇၄၉၉၈ ၏ သမီးဖြစ်သူ မသန္တာစိုး (၃၉) နှစ်နှင့် မောင်ကျော်ဇေယျာလင်း (၂၇) နှစ်တို့သည် ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ ဖခင်၏လုပ်ငန်းများအား ဟန့်တားနှောင့်ယှက်ခြင်း၊ ရန်းကားခြိမ်းခြောက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်လျက်ရှိသဖြင့် ယနေ့မှစ၍ သားနှင့်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဖခင်ပိုင်မည်သည့်ပစ္စည်းနှင့်မျှ မသက်ဆိုင်တော့ပါကြောင်း၊ ထိပါးနှောင့်ယှက်ခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး (ဘ) ဦးအုန်းသွင်**
**၁၄/ပသန(နိုင်)၀၇၄၉၉၈၊ အမှတ် (၁) ရပ်ကွက်၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/46933, Wonlon -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမြင့် ၁၄/အဂပ(နိုင်)၁၆၃၇၈၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/76508, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၁၄/သပန(နိုင်)၀၉၁၃၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးတင်ဝင်း၏သား၊ ပုလောမြို့၊ အထက (၁) ပုလော၊ Grade-8(A) မှ မောင်ထွန်းထက်အောင် ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၂၀၀၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ တောပြားကျေးရွာအုပ်စုနေ ဦးသန်းမြင့်ဦး၏သား အလက(ရေပြည့်အော်) Grade-6 မှ မောင်အောင်ဝေယံဦး (ကဝမ-၀၀၈၅)၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်နီလာမိုး ၆/ကစန(နိုင်) ၁၀၃၈၉၄ ဖြစ်ပါကြောင်း။

**ဒေါ်နီလာမိုး**

## ဖခင်အမည်မှန်

ပုလောမြို့၊ အထက (၁)၊ ပုလော Grade-12(B)မှ မောင်မြတ်အောင်နိုင်၏ဖခင် ဦးသက်ထွန်း၏ အမည်မှန်မှာ ဦးသစ်ထွန်း ၆/ပလန(နိုင်) ၀၅၉၂၂၇ ဖြစ်ပါကြောင်း။

**ဦးသစ်ထွန်း**

## အမည်မှန်

ဦးထွန်းသီဟ ၆/ပလန(နိုင်)၀၇၉၇၅၆ ၏ သမီး၊ ပုလောမြို့နယ်၊ အထက(ခွဲ) ကျောက်ကာ Grade-12 မှ မယွန်းဝတီထွန်း၏ အမည်မှန်မှာ မယွန်းဝတီမိုး ဖြစ်ပါကြောင်း။

**မယွန်းဝတီမိုး**

## အမည်မှန်

ဦးသန့်ဇင် ၆/ပလန(နိုင်) ၀၂၄၃၄၈၏သမီး၊ ပုလောမြို့နယ်၊ အထက(ခွဲ)ကျောက်ကာ Grade-11 မှ မမေသဇင်ဖူး၏ အမည်မှန်မှာ မမေဇင်ဖူးဖြစ်ပါကြောင်း။

**မမေဇင်ဖူး**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ အထက (ခွဲ)ကျောက်ကာ၊ Grade-7 မှ မယွန်းမေဦး၏ ဖခင် ဦးချစ်ဝင်းလွင်၏ အမည်မှန်မှာ ဦးချစ်ဝင်းလွင်ဦး ၆/ပလန(နိုင်) ၁၁၆၇၉၈ ဖြစ်ပါကြောင်း။

**ဦးချစ်ဝင်းလွင်ဦး**

## အမည်မှန်

ဦးလှမျိုး ၆/ပလန(နိုင်) ၀၀၀၅၀၆ ၏သား ပုလောမြို့နယ်၊ အထက(ခွဲ)ကျောက်ကာ၊ Grade-10 မှ မောင်ရဲလင်းထိုက်၏ အမည်မှန်မှာ မောင်ရဲလင်းဖြစ်ပါ ကြောင်း။

**မောင်ရဲလင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-င)၊ ရုံးရပ်ကွက်၊ ဦးပိုင်အမှတ်(၁-က)၊ ဧရိယာ (၀ဒသမ ၃၃၀)ကေရှိ မြို့မြေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြက်တိုအော်တိုအိတ်ချိန်းရုံးမြေအဖြစ် အသုံးပြုရန်အတွက် မြေပေးမိန့်ခွင့်ပြုပေးပါရန် လျှောက်ထားလာချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ မူပိုင်ခွင့် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၀၉၈)နေ ဦးဝင်းကျော် ၁၂/ဒဂမ(နိုင်) ၀၀၅၇၂၉ သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲနေသည့် တံဆိပ်အမှတ်အသား ဖြစ်ပါသည်။

**အမှတ်စဉ်-T/2025/002461**

အထက်ဖော်ပြပါတံဆိပ် အမှတ်အသားကို ဦးဝင်းကျော်မှ တစ်ဦးတည်းမူပိုင်အဖြစ် ၂၀၁၉ ခုနှစ်ကတည်းက ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၅၄၉၆/၂၀၁၉ ဖြင့် မှတ်ပုံတင်သွင်း၍ အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဦးဝင်းကျော်မှ မူပိုင်ခွင့်ဦးစီးဌာန(First to File System Trademark)စနစ်သစ်အောက်တွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါ၍ ယခင်သုံးစွဲ ခဲ့သည့်အတိုင်း အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ရေသန့်ဘူးအရွယ်အစားအမျိုးမျိုးကို ဆက်လက်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါတံဆိပ် အမှတ်အသားကို စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ ကြော်ငြာတံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့ပေါ်တွင် အဆိုပါ တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးပြုလုပ်၍ အဆိုပါ တံဆိပ်အမှတ်အသားကို ရိုက်နှိပ်၊ ကပ်နှိပ်၍ ဖိနှိပ်၍ ပြုလုပ်ပြီး ရေသန့်ဘူးအရွယ်အစားအမျိုးမျိုးကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ အမည်စာသား ရှေ့နောက်ပြင်ဆင်ပြောင်းလဲ၍ သော်လည်း ကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အသုံးပြုဆောင်ရွက်ခြင်း၊ အကျိုးစီးပွား ထိခိုက်စေရန် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။ပြုလုပ်ဆောင်ရွက်သူများ တွေ့ရှိပါက မိမိ၏လုပ်ငန်း အကျိုးစီးပွား၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၄)၊ မေမြို့ပန်း(၁)လမ်း၊ မြေကွက်အမှတ်(၆၁၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀)ပေx(၆၀)ပေ၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ခင်စန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏(ခြေရင်းခြမ်း)အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်အမှတ်(၆၁၉)နှင့်ကပ်လျက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလ အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ခင်စန်းမြင့်ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ရှိသူ ဒေါ်ခင်ချိုသက် (၁၂/အစန(နိုင်)၀၆၃၇၉၇)ထံမှ ဒေါ်ခင်သန်း (၁၁/ကဖန(နိုင်)၀၀၉၉၉၃)က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာ၊ ရွာလေးတောင်ပိုင်း၊ ကျားဘုရားလမ်းနေ ဦးမောင်အောင်-ဒေါ်မြစိန်တို့၏သားဖြစ်သူ မောင်ရန်လင်းအောင် ၁၀/ဘလန(နိုင်)၁၀၂၂၆၈သည် မိဘများ၏ စကားနားမထောင်ဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်အောင်-ဒေါ်မြစိန်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)
## စဥ့်ကိုင်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅

ဒေါ်တိုးတိုးဝင်း **နှင့်** ၁။ ဒေါ်ယဉ်မွန်နွယ်
၂။ ဒေါ်အေးအေးလွင်
၃။ ဦးလှိုင်မင်းထွန်း

**တရားလို** **တရားပြိုင်များ**

အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာနေ ဦးလှိုင်မင်းထွန်း(ဘ)ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တိုးတိုးဝင်းက "ရွှေ(၂)ကျပ်ခွဲသား(သို့မဟုတ်) ကာလတန်ကြေးသိန်း (၁၇၀)ကျပ်နှင့် အလီလီချေးယူငွေသိန်း(၁၄၀)ကျပ်နှင့် ထိုငွေအပေါ်နစ်နာကြေးငွေသိန်း(၉၀)ကျပ် စုစုပေါင်းသိန်း(၄၀၀)ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်) မွန်း မတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည် ရေးသားပါရှိသူက တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်ကိုကိုဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စဥ့်ကိုင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ အထက (ခွဲ) ကျောက်ကာ၊ Grade-9 မှ မနှင်းဖြူဝိုင်း၏ ဖခင် ဦးမျိုးဝင်းအောင်၏ အမည်မှန်မှာ ဦးဝိုင်းချစ် ၆/ပလန(နိုင်)၀၆၅၂၄၉ ဖြစ်ပါကြောင်း။

**ဦးဝိုင်းချစ်**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ အထက (ခွဲ) ကျောက်ကာ၊ Grade-9 မှ မောင်မင်းခန့်စိုး၏ဖခင် ဦးထိန်မင်းစိုး၏ အမည်မှန်မှာ ဦးထိန်မင်းဦး ၆/ပလန(နိုင်)၀၈၀၇၂၄ ဖြစ်ပါကြောင်း။

**ဦးထိန်မင်းဦး**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ အထက (ခွဲ) ကျောက်ကာ၊ Grade-8 မှ မတိုးဝတီလင်း၏ ဖခင် ဦးရဲလင်းအောင်၏ အမည်မှန်မှာ ဦးရဲလင်းထက် ၆/ပလန(နိုင်)၀၉၀၈၀၂ ဖြစ်ပါကြောင်း။

**ဦးရဲလင်းထက်**

## အမည်မှန်

ဦးသက်ဝေဦး ၆/ပလန(နိုင်)၀၉၀၆၄၄၏သမီး၊ ပုလောမြို့နယ်၊ အထက(ခွဲ)ကျောက်ကာ၊ Grade-5 မှ မသက်မြတ်ချို၏ အမည်မှန်မှာ မဆုလင်းထက် ဖြစ်ပါကြောင်း။

**မဆုလင်းထက်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၇/ပုဏ္ဏားစု)၊ ဦးပိုင်အမှတ်(၉၂-ည)၊ မြေရိယာ(၀ဒသမ၀၈၄)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန် အမှတ်အမှတ်(၈၄၆/၁၉၉၃-၁၉၉၄)အရ ဦးသိန်းမြင့်မှ ပိုင်ဆိုင်ပြီး အဆိုပါအမည်ပေါက်သူ ကိုယ်စား ပြင်ဦးလွင်မြို့နယ်တရားရုံး ဘိလစ်စာရေးကြီး ဦးပြည့်ဖြိုးအောင်ထံမှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၃၆၃/၂၀၂၄)အရ ဦးအောင်မွန်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးအောင်မွန်မှ မြေငှားဂရန် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ငေါ့ချန်းနယ်မြေ(၆)၊ အိမ်အမှတ်(၈၉)နေ ကျွန်တော် ဦးဆိုင်းအောင်၏ဇနီးဖြစ်သူ ဒေါ်စိန်လင်အောင် (ဘ)ဦးရဲဂျီလ ၁/မကန(နိုင်)၂၈၁၇၄၄သည်(၂၁.၈.၂၀၂၃)ရက်မှ ကျွန်တော်၊ အိမ်သူ အိမ်သားမိသားစုအား အသိမပေးဘဲ မည်သည့်အရပ်ဒေသသို့ ထွက်သွားသည်ကိုမသိ နေအိမ်မှဆင်းသွားပါသည်။ သို့ဖြစ်ပါ၍ ယနေ့ကြေညာသည့်ရက်မှစပြီး(၃)လအတွင်း နေအိမ်သို့ပြန်လာခြင်း၊ ဆက်သွယ်လာခြင်းမရှိပါက ဇနီး ဒေါ်စိန်လင်အောင်နှင့် သက်ဆိုင်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူပေးတော့မည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဆိုင်းအောင် (ဘ)ဦးတူးဂျာ ၁/မကန(နိုင်)၂၂၈၂၃၆**
**ငေါ့ချန်းနယ်မြေ(၆)၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၂၅၆၈၇၂၅၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/81437, Honda Dream ND 125M ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၃/တကန(နိုင်)၁၅၂၅၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/12982 ယာဉ်လက်ဝယ်ရှိသူ ဦးစောကလူထူး ၇/တငန(နိုင်)၁၄၄၆၄၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/66535 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော်လင်း ၇/အတန(နိုင်)၁၀၄၃၅၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/54277 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ရည်ထွန်း ၇/တငန(နိုင်)၁၄၃၀၉၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသည် တိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ (Lab Reagents)များ ပါဝင်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ဖလင်များ ပါဝင်သော ဓာတ်မှန်ဌာနသုံးပစ္စည်းများနှင့် Basic Consumable များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်၊ cutd.1.dms- mdy (25-26) အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၂၄-၆-၂၀၂၅ရက်၊ (အင်္ဂါနေ့) |
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** | - မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန<br>- လမ်း ၇၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား<br>- ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၈-၇-၂၀၂၅ရက်၊ (အင်္ဂါနေ့)<br>- မွန်းတည့် (၁၂:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနအတွက် ရုံးသုံးစက်ပစ္စည်း (၃)မျိုးနှင့် အခြားရုံးသုံးစက်ပစ္စည်း (၂)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ပြည်တွင်းကုမ္ပဏီများမှ အောက်ဖော်ပြပါ Lot များအလိုက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot-1 ရုံးသုံးစက်ပစ္စည်း (၃)မျိုးဝယ်ယူခြင်း
(ခ) Lot-2 အခြားရုံးသုံးစက်ပစ္စည်း (၂)မျိုးဝယ်ယူခြင်း

၂။ ဝယ်ယူဆောင်ရွက်မည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် (Lot-1)အတွက် ၁၀၀၀၀ိ-(ကျပ်တစ်သောင်းတိတိ)နှင့် (Lot-2)အတွက် ၂၀၀၀ိ/-(ကျပ်နှစ်ထောင် တိတိ)နှုန်းတို့ဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၁၈-၆-၂၀၂၅ရက်မှ ၂၇-၆-၂၀၂၅ထိ |
| (ခ) | **တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နောက်ဆုံးရက်** | - ၄-၇-၂၀၂၅ရက် |
| (ဂ) | **တင်ဒါဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - စီမံနှင့်ဘဏ္ဍာဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၊ရုံးအမှတ်(၄၈)၊ နေပြည်တော် |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ဆက်သွယ်အကြောင်းကြားပါမည်။ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၁၅၄၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

## အမည်မှန်နှင့် မိခင်အမည်မှန်

ပုလောမြို့နယ်၊ အထက(ခွဲ) ကျောက်ကာ၊ Grade-11 မှ မမြတ်ဖြိုးဇင်၏ အမည်မှန်မှာ မမြတ်ဖြိုးခင် ဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ယဉ်ဖြိုးနွယ်၏ အမည်မှန်မှာ ဒေါ်ရင်ဖြိုးနွယ် ၆/ပလန(နိုင်)၀၉၁၈၅၁ ဖြစ်ပါကြောင်း။

**မမြတ်ဖြိုးခင်၊ ဒေါ်ရင်ဖြိုးနွယ်**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ အထက (ခွဲ) ကျောက်ကာ၊ Grade-11 မှ မသံစဉ်ချို၊ Grade-9 မှ မအိမ့်ဖူးပွင့်တို့၏ ဖခင် ဦးသိန်းထွေး၏ အမည်မှန်မှာ ဦးသိန်းဌေး ၆/ပလန(နိုင်)၀၇၁၃၃၆ ဖြစ်ပါကြောင်း။

**ဦးသိန်းဌေး**

## အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ အိမ်အမှတ်(၃၇၂)နေ ဦးမိုးဇော်၊ ၁/မကန(နိုင်)၀၀၀၇၅၇နှင့် ဒေါ်သီသီခက် ၁/မကန(နိုင်)၀၀၈၈၇၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်နှင့်ဒေါ်သီသီခက်တို့သည် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့တွင် "ရွှေပွင့်ဇာ"အမည်ဖြင့် ပိုးထည်ဆိုင်ဖွင့်လှစ် လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေတို့၏ "ရွှေပွင့်ဇာ" ပိုးထည်ဆိုင်အမည်ကိုဖော်ပြ၍ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "ရွှေပွင့်ဇာ" ပိုးထည်ဆိုင်အား နစ်နာစေရန်အကြံအစည်ဖြင့် မမှန်မကန်ရေးသားဖြန့်ဝေခြင်းများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။ ထိုသို့ နစ်နာစေရန်အကြံအစည်ဖြင့် မမှန်မကန်ရေးသားဖြန့်ဝေသူများသည် "ရွှေပွင့်ဇာ" ပိုးထည်ဆိုင်လုပ်ငန်းနှင့် ငွေကြေးတစ်စုံတစ်ရာ ပတ်သက်ဆက်စပ်ခြင်းမရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ မည်သူမဆို Social Media ဖြစ်သည့် Facebook လူမှုကွန်ရက် စာမျက်နှာနှင့် အခြားသော လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကျွန်ုပ်မိတ်ဆွေများ၏ "ရွှေပွင့်ဇာ" ပိုးထည်ဆိုင်လုပ်ငန်းအား နစ်နာစေရန် အကြံအစည်ဖြင့် မမှန်မကန်ရေးသားဖြန့်ဝေခြင်းများ ထပ်မံပြုလုပ်လာပါက ကျွန်ုပ်မိတ်ဆွေများ၏ ဆန္ဒအတိုင်း တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမိုးဇော်နှင့်ဒေါ်သီသီခက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး(LL.B)**
**စဉ်-၁၄၂၉၃**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆)၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၇၅၇၃၅၂၂၁**

## မိခင်အမည်မှန်

(ဘ)ဦးမြတ်လှိုင်၏သမီး၊ ပုလောမြို့၊ အထက(၁)၊ Grade-12(B)မှ မအေးသီရိသန့်၏ မိခင်ဒေါ်ဗေရယ်ချို၏ အမည်မှန်မှာ ဒေါ်ပေါက်ပေါက် ၆/ပလန(နိုင်)၀၅၉၀၆၅ ဖြစ်ပါကြောင်း။

**ဒေါ်ပေါက်ပေါက်**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက(၁) G-12 (STEAMS-2)မှ မောင်ကျော်နဒီယံ (ကျောင်းဝင်အမှတ်-၁၇၆၇)၏ ဖခင်အမည်မှန်မှာ စောကလဲထူး ၁၄/မမန(နိုင်) ၁၃၈၀၅၂ ဖြစ်ပါကြောင်း။

**စောကလဲထူး**

## ပတ်စ်ပို့ပျောက်

ရမည်းသင်းမြို့၊ ကံကြီးရွာနေ ဦးမြင့်သိန်း၏သား မောင်ဇော်မင်းထွန်း ၉/ရမသ(နိုင်)၁၄၀၁၆၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၃၅၉၀၆၃**

## ပတ်စ်ပို့ပျောက်

မလီဖန်ရှန်း ၁၃/ကခန(နိုင်)၁၁၁၆၁၂၈၏နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-408326443**

## ပတ်စ်ပို့ပျောက်

စိုင်းထွန်းကျော် ၁၃/လရန(နိုင်) ၁၈၅၄၅၆ ၏ နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09958080896**

## အမည်ပြောင်း

ဦးအာကာစိုး ၁၂/လသယ(နိုင်) ၀၇၆၁၃၅ နှင့် ဒေါ်မိုးပပ ၁၄/မမန(နိုင်)၂၃၈၇၁၅ တို့၏ သမီးဖြစ်သူ ဂုဏ်ထူးဦးမောင်မောင် ကိုယ်ပိုင်ကျောင်း (လှိုင်သာယာ) G 4 တွင် ပညာသင်ကြားနေသော မဆုလာဘ်ရတနာအား ဆုလာဘ်ရတနာကျော် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ဆုလာဘ်ရတနာကျော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/8764 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားအဟောင်းသည် ပျက်ပြယ် ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 45W/38478,Taryan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှိုင် ၁၄/သပန(နိုင်)၀၉၈၇၈၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## နည်းပြ/သရုပ်ပြရာထူးလျှောက်လွှာခေါ်ယူခြင်း

